# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၇)




သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံ ထွန်းညှိပူဇော်ထားသည်ကို ညဦး၌ ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)

## ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးများစည်ကားများပြား သီတင်းသီလဆောက်တည်၊ကောင်းမှုကုသိုလ်ပြုမှုတို့ဖြင့် ထုံလွှမ်းနေ

သတင်းမြင်ကွင်း–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၆

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ပြုရာ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အဘိဓမ္မာအခါတော်နေ့လည်းဖြစ်ရာ နှစ်စဉ်မပျက် ဘုရား၊ ကျောင်းကန်၊ ဇရပ်များ၌ သီတင်းသီလဥပုသ်ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုများ မပြတ် ပြုလုပ်ခဲ့ကြသည့်နေ့လည်းဖြစ်ပေသည်။

**ထူးခြားလေးနက်**

ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအား အမေ့ကျေးဇူးဆပ်သည့်အနေဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားပြီး လူ့ပြည်သို့ ပြန်လည်ဆင်းသက်သောနေ့လည်းဖြစ်သဖြင့် ထူးခြားလေးနက်မှု ရှိလေသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗ ပါပဿ အကရဏံ
မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒါပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။ ။



## ရွှေတိဂုံစေတီတော်

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင် စီမံကိန်းများအောင်မြင်ရေး အင်တိုက်အားတိုက်ကြိုးပမ်း

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြသည်။ နယ်စပ်ဒေသ အားလုံးနီးပါးသည် ကျေးလက်ဒေသများ၌ အကျုံးဝင်လျက်ရှိသည်။

ကျေးလက်လူဦးရေအများစုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးထား ဖော်ဆောင်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်၏ နယ်စပ်ဒေသများ ပါဝင်သည့် ကျေးလက်ဒေသများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တိုးချဲ့ဆောင်ရွက်ရာ၌ ကျေးလက်ဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေ ခိုင်မာဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျေးလက်ဒေသလမ်းများ၊ နယ်စပ်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေး၊ လမ်းမပေါက်သေးသော ဒေသများကိုလည်း လမ်းပေါက်စေရေး အစီအမံများအတိုင်း ဆက်လက်ဆောင်ရွက်နေသည်။

ယခုအခါ နိုင်ငံတော်၏ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့် တစ်ပြိုင်တည်း၌ ကျေးလက်ဒေသများအထိ လမ်းပေါက်သွားပြီ ဖြစ်သည်။ ယခုကဲ့သို့ ကျေးလက်ဒေသလမ်း၊ နယ်စပ်ဒေသလမ်းများ တိုးတက်ကောင်းမွန်၍ သွားရေးလာရေးလွယ်ကူပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာသည်။

တစ်ချိန်တည်းမှာပင် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ ရရှိရေးတို့ကို ဆက်လက် တိုးချဲ့လုပ်ဆောင်သွားရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းကိုလည်း ပေါင်းစပ်လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

အချို့ ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိသော နယ်စပ်ဒေသများ၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေ တိုးတက်ရရှိရေးကို မျှော်မှန်း၍ အိမ်တွင်းမှု သင်တန်းကျောင်း၊ အသက်မွေးမှု သင်တန်းကျောင်းများကို ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးချဲ့သင်ကြားပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကျေးလက်ဒေသ လျှပ်စစ်မီးတိုးတက်ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ရေအား လျှပ်စစ်လုပ်ငန်းများ၊ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်လုပ်ငန်းငယ်များကို တိုးချဲ့ထူထောင်သွားကြရန် လိုပေသည်။

တစ်ချိန်တည်းမှာပင် ခြစ်စည်းရိုးကြက်ဆူပင်မှထုတ်လုပ်ရရှိမည့် ဇီဝဒီဇယ်ဆီကို အသုံးပြု၍ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယနေ့အထိ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိရာ ကျေးလက်ပြည်သူများနေထိုင်ရာ ဒေသအားလုံး နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးမှသာနိုင်ငံတော်ကြီးတစ်ရပ်လုံး ရာခိုင်နှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တာဝန်ရှိသူ အသီးသီးက စီမံကိန်းများကို ထိရောက်အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# တာဝန်ကိုကျရာအခန်းကဏ္ဍမှ ကြိုးစားဆောင်ရွက် ပြည်သူ့အကျိုးပြုဝန်ထမ်းဖြစ်အောင် ကျင့်ကြံနေထိုင်

နေပြည်တော် အောက်တိုဘာ ၆

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် လိုက်ပါလျက် အောက်တိုဘာ ၃ရက် နံနက်စနာရီခွဲက မန္တလေးမြို့ အင်းဝ ဟိုတယ်၌ အထက်မြန်မာပြည် မန္တလေးရှိဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။**

### ကျင့်ကြံနေထိုင်

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းပီပီ ပြည်သူလူထုအပေါ် အလုပ်အကျွေးပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိသောအားဖြင့် မိမိကျရာတာဝန်ကို ကျရာအခန်းကဏ္ဍမှ ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ နေရသော ဝန်ထမ်းများဖြစ်၍ ကိုယ်ကျိုးမဖက် ပြည်သူ့အကျိုးပြု ဝန်ထမ်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မြနန္ဒာဆိပ်ကမ်း၌ဆိုက်ကပ်ထားသော Advanture°Myanmar ခရီးသွားလုပ်ငန်းပိုင် "မင်းကျန်စစ်(၃)" နိုင်ငံခြားသားခရီးသည်တင် သင်္ဘောကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

Advanture°Myanmarခရီးသွားလုပ်ငန်းပိုင် မင်းကျန်စစ်(၃) သင်္ဘောသည် မန္တလေးမှ မင်းကွန်း၊ မင်းကွန်းမှ အင်းဝနှင့် မန္တလေးမှ ပုဂံဒေသများသို့ ပြေးဆွဲလျက်ရှိသည်။

### ပြေးဆွဲ

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ ရွှေကြက်ယက်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသောတော်ဝင်ရေကြောင်း ခရီးသွားကုမ္ပဏီလီမိတက်ပိုင်"ပန်တော် (၂)" နိုင်ငံခြားသား ခရီးသည်တင် သင်္ဘောကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သင်္ဘောအတွင်း လိုက်လံရှင်းလင်း ပြသကြသည်။ ပန်တော်(၂) သင်္ဘောသည် မန္တလေးမှပုဂံသို့ ပြေးဆွဲလျက်ရှိသည်။

### ရောက်ရှိ

ဆက်လက်၍ ဝန်ကြီးသည် ရွှေကြက်ယက် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော Myanmar Hotels and Cruiser ကုမ္ပဏီလီမိတက်ပိုင် Road to Mandalay သင်္ဘောသို့ ရောက်ရှိပြီး သင်္ဘောအတွင်း လှည့်လည်ကြည့်ရှုကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားသူကြီးချုပ်နှင့်ပြည်နယ်၊ တိုင်းတရားသူကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်း တရားရုံး တိုင်းတရားသူကြီး ဦးအောင်ငွေသည် စက်တင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ဗဟန်းကြားတောရလမ်းရှိ တရားရုံးချုပ် ခမ္မာရုံတွင် စက်တင်ဘာ ၂၄ရက်က တရားရုံးချုပ် နေပြည်တော်၌ ကျင်းပခဲ့သော တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို တိုင်းအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများအား ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနား ကျင်းပသည်။

### ဆွေးနွေးမှာကြား

တိုင်းတရားသူကြီးက တရားသူကြီးချုပ်၏ မှာကြားချက်များ၊ ဒုတိယတရားသူကြီးချုပ်များ၏ ဆွေးနွေးမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများ၊ တရားဥပဒေနှင့်အညီ ပိုမိုတိုးတက်အောင်မြင်ရေးနှင့် တရားရုံးအဆင့်ဆင့်တွင် လာဘ်ပေးလာဘ်ယူကိစ္စများ၊ မတရားမှုအနိဋ္ဌာရုံများ ကင်းရှင်းရေးကို အဓိကရှင်းလင်း ဆွေးနွေးမှာကြားသည်။

**(အောက်ပုံ) (က-ပ)**



## မြဝတီရုပ်မြင်သံကြား

**၇-၁၀-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"သုညတဆိုက်အောင်ရှုပါ"**

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"မကြားရမမြင်ရသောသံယောဇဉ်" သရုပ်ဆောင်အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီနန္ဒာလှိုင်၊ ရာဇာနေဝင်း**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညနေပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဝှက်ချက်"** (အပိုင်း-၂၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ EURO (2008) ခြေစစ်ပွဲ England Vs Macedonia

# ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လုပ်ကြံဖျက်ဆီးပစ်လိုက်တဲ့ အမေရိကန်နိုင်ငံမှ ဂျွန်ဘိုလ်တန်

(စက်တင်ဘာ၂၉ရက်ထုတ် Executive Intelligence Review အတွဲ(၃၃) အမှတ်(၃၉)တွင်ပါရှိသော ဆောင်းပါးရှင် မိုက်ဘီလင်တန် (Mike Billington) ၏ (John Bolton Subverts The UN Charter) ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။)

**စက်တင်ဘာ၁၅ရက်နေ့၌ အမေရိကန်အစိုးရသည် ကုလသမဂ္ဂတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ဆန့်ကျင်ပြီး ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်ပြန်သည်။ မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီအာဂျင်ဒါ**တွင် ထည့်သွင်းရေးအဆိုတစ်ရပ်တင်သွင်းနိုင်ရန်အတွက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်က လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို တစ်နည်းမဟုတ် တစ်နည်းဖြင့် အနိုင်အထက်ပြုလုပ်သိမ်းသွင်းမှု အောင်မြင်သွားခဲ့သည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲကျင်းပရာတွင် ဘိုလ်တန်က သူ၏အောင်မြင်မှုကို ကြေညာရာ၌ **လုံခြုံရေးကောင်စီ၏ တရားစီရင်ရေးဆိုင်ရာ အရေးယူမှုအတွက်** လိုအပ်သောအဆင့်တစ်ရပ်မှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ရန်လိုမှုတစ်စုံတစ်ရာပြုခြင်းတို့ပင် ဖြစ်ကြောင်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းက ယခုပြဆိုလိုက်ပြီဟု ပြောကြားသွားသည်။ **မြန်မာနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို** ခြိမ်းခြောက်နေသည်ဟူသောအဆိုမှာ လုံးဝဖြစ်နိုင်ခြေမရှိကြောင်း ထင်ရှားလှသည်။ အမေရိကန်နှင့်အတူ ကိုးနိုင်ငံက ထောက်ခံမဲပေးကြကာ **လေးနိုင်ငံက ကန့်ကွက်လျက် တစ်နိုင်ငံက မဲမပေးဘဲ နေသည်။ ထောက်ခံမဲပေးသော ကိုးနိုင်ငံကိုလည်း အမေရိကန်နှင့်ကြံရာပါစာရင်း**တွင် ထည့်သွင်းရပါမည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်သောအနေအထား မရှိရုံသာမက မကြာမီနှစ်များအတွင်း၌ပင် အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံနှင့် မဟာဗျူဟာအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဆက်ဆံရေးကို ပိုမိုခိုင်မြဲ**စေခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဂျွန်ဘိုလ်တန်နှင့် အမေရိကန်**အစိုးရ၏ ယခုလုပ်ရပ်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းအရေးကိုသာ ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်သည်မဟုတ်ဘဲ ကုလသမဂ္ဂပဋိညာဉ်**စာတမ်းကိုပါ ချိုးဖောက်ရန် ရည်ရွယ်လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ၁၆၄၈ခုနှစ် အနောက်ဖားလီးယား** ငြိမ်းချမ်းရေးအခြေခံမူများအရလည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရလည်းကောင်း ဖွင့်ဆိုထားသည့် နိုင်ငံတစ်ခု၏ အချုပ်အခြာ**အာဏာပိုင်ဆိုင်မှုကို ဘိုလ်တန်က ပစ်မှတ်ထားလုပ်ကြံလိုက်ခြင်းပင်ဖြစ်**သည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ တည်ထောင်ထားသော လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်များတွင် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အကာအကွယ်ပေးရမည်ဟူသော အခြေခံမှုကို သေချာစွာဖော်ပြထားသည်။

ယခုကဲ့သို့ ဖျက်ဆီးပစ်ရန် ရည်ရွယ်လုပ်ဆောင်လိုက်ခြင်းသည် အမေရိကန်အစိုးရကို ထိန်းချုပ်နေသော ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်း**များက Globalization အားဖြင့်သော် လည်းကောင်း၊ အစိုးရ**အပြောင်းအလဲဖြစ်အောင် တစ်ဖက်သတ် လုပ်ဆောင်ခြင်းဖြင့်သော် လည်းကောင်း ဖျက်ဆီးပစ်ရမည်ဟူသော ယူဆထားချက်ကြောင့်ပင် ဖြစ်သည်။

**ဘိုလ်တန်၏ မြန်မာနိုင်ငံကိစ္စ ကစားကွက်သည် ထိုသို့ဖျက်ဆီးရန်** ရည်ရွယ်ချက်ကို ကမ္ဘာ့ငြိမ်းချမ်းရေးအား ထိပါးနေသည်ဟူသော စွပ်စွဲချက်ဖြင့် ဖုံးကွယ်လှည့်စားလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ဗီတို**အာဏာရှိသော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နှစ်နိုင်ငံဖြစ်**သည့် ရုရှားနှင့်တရုတ်တို့က ကန့်ကွက်မဲ ပေးခဲ့ကြသည်။ လုပ်ထုံးလုပ်နည်းအရ ဗီတိုအာဏာသုံးရသော အဆင့်မဟုတ်သေး၍ ကန့်ကွက်မဲသာပေးခဲ့ကြခြင်းဖြစ်သည်။ (ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ရန် မဲခွဲမှသာ ဗီတိုအာဏာသုံး၍ ပိတ်ပင်ခွင့်ရှိသည်။) အချိန်မရွေးဗီတိုအာဏာသုံးကာ ပယ်ချကန့်ကွက်နိုင်သည့် ရုရှားနှင့်တရုတ်တို့က ပြင်းထန်စွာကန့်ကွက်ကြမည်သာဖြစ်၍ မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုလုပ်၍မရ**နိုင်ကြောင်း ကောင်းစွာသိလျက်နှင့်ပင် ဘိုလ်တန်သည် မြန်မာ့အရေးကို** လုံခြုံရေးကောင်စီ အာဂျင်ဒါထဲရောက်အောင် လုပ်ဆောင်သွားခဲ့သည်။ ထိုသို့ လိမ်လည်လုပ်ကြံမှုအပေါ် တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန်**ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံကိုယ်စား**လှယ်က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့်နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးတို့၏ ဆက်စပ်မှုကို သေချာစွာအပြုသဘောဆောင်၍ အကဲဖြတ်ကြရန် တောင်းဆိုလိုက်သည်။ မြန်မာ၏အိမ်နီးချင်းနိုင်ငံများကဖြစ်စေ၊


John Bolton Subverts The UN Charter
By Mike Billington Sept. 22, 2006

အာဆီယံနိုင်ငံများကဖြစ်စေ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု မရှုမြင်ကြကြောင်း ၎င်းကဆိုသည်။

## အစိုးရအပြောင်းအလဲ

ဘိုလ်တန်၏ ဟိတ်ဟန်ကောင်းကောင်းဖြင့်ပြုလုပ်သော အကြံအစည်မှာ အစိုးရအပြောင်းအလဲဖြစ်အောင်လုပ်ရန် အမေရိကန်က လိုလားနေသော **neo-conservative target list** တွင် **မြန်မာနိုင်ငံပါဝင်နေသောကြောင့်ဖြစ်ကြောင်း လူတိုင်းသိပြီးဖြစ်သည်။** ဘုရှ်အစိုးရက သားပုပ်လေလွင့်သမုတ်သော ဝင်ရိုးတန်းမိစ္ဆာနိုင်ငံများ (အီရန်၊အီရတ်နှင့်မြောက်ကိုရီးယား)စာရင်းတွင် မြန်မာနိုင်ငံမပါဝင်သော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က **မြန်မာနိုင်ငံကို outpost of tyranny မင်းဆိုးတို့၏ ရှေ့တန်းစခန်း**ဟု ပုတ်ခတ်ထားသည်။

မြန်မာနိုင်ငံကိစ္စတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လုပ်ကြံဖျက်ဆီးရန် ဘိုလ်တန်က ကြိုးပမ်းရာ၌ သုံးသွားသော အကြောင်းပြချက်များမှာ **အမေရိကန်အစိုးရ၏ နယ်ချဲ့အမြင် (imperial outlook)**ဖြင့် လုပ်သောလှည့်ကွက်များကို ထင်ဟပ်သိသာစေသည်။

မြန်မာနိုင်ငံကို တမင်စော်ကားသည့်အနေဖြင့် ဘိုလ်တန်က **Myanmar** ဟုမခေါ်ဘဲ **Burma** ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၎င်းက မြန်မာနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်သောအဆင့်သို့ရောက်လာပြီဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဒုက္ခ**သည်များ ထွက်ပြေးကြခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးခြင်း၊ HIV/AIDS** အခြေအနေဆိုးရွားလာခြင်းနှင့် လူ့အခွင့်အရေးကိစ္စများ ပိုမိုဆိုးရွားလာခြင်းတို့ကြောင့် ဖြစ်ကြောင်း အကြောင်းပြ စွပ်စွဲခဲ့သည်။ ဒုက္ခသည်ပြဿနာမှာ ဦးစွာအားဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံကို ထိခိုက်**စေနိုင်သည်။**

သို့ရာတွင် ထိုင်းနိုင်ငံသည် မြန်မာနှင့် နီးကပ်စွာဆက်ဆံမှုရှိနေသည့်အပြင် နယ်စပ်တစ်လျှောက်ရှိ လက်နက်ကိုင်သောင်းကျန်းသူများကို မြန်မာအစိုးရက နှိမ်နင်းနေသည့်အတွက် ထိုင်းကကျေးဇူးပင်**တင်ပေလိမ့်မည်။ မြန်မာအစိုးရက သောင်းကျန်းသူများကို နှိမ်နင်း**ခြင်းသည် လန်ဒန်နှင့်နယူးယောက်တို့က သောင်းကျန်းသူများနှင့် **အချိတ်အဆက်လုပ်ကာ ကူညီထောက်ပံ့ပေးနေခြင်းထက် ပို၍အရေး**ပါပြီး ထိရောက်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသောင်းကျန်းမှုကို သက်ဆိုးရှည်စေနေသည်မှာ မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးမှုများပင်ဖြစ်ရာ မြန်မာအစိုးရက သောင်းကျန်းသူများကို နှိမ်နင်းခြင်း**ကြောင့် မူးယစ်ဆေးဝါးမှောင်ခိုထုတ်လုပ်ရောင်းဝယ်မှု သိသာစွာလျော့**နည်း ကျဆင်းလာသည်ကိုတွေ့ရသည်။ မူးယစ်ဆေးဝါးနှိမ်နင်းမှုတွင် **မြန်မာနိုင်ငံနှင့်အာဖဂန်နစ္စတန်နိုင်ငံတို့ကို နှိုင်းယှဉ်ကြည့်နိုင်သည်။** အမေရိကန်တို့သိမ်းပိုက်ပြီး ထိန်းချုပ်ထားသော အာဖဂန်နစ္စတန်နိုင်ငံတွင် **ကမ္ဘာ့ဘိန်းထွက်ရှိမှု၏ ၉၅ရာခိုင်နှုန်းကို အမေရိကန်၏ စွက်ဖက်ဖိအား**ပေးမှုဖြင့် အာဏာရရှိထားကြသော မူးယစ်ရာဇာများက ထုတ်လုပ်နေကြသည်။

ပြည်တွင်းနိုင်ငံရေး ပြဿနာများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံက အရပ်သားအစိုးရ ပေါ်ပေါက်စေရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို လွန်ခဲ့သော **နှစ်များကပင် ချမှတ်ခဲ့ပြီးဖြစ်သည်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊** ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့က အသိအမှတ် ပြုကြသော်လည်း **အောင်ဆန်းစုကြည်နှင့်ဆက်နွယ်နေသော အမေရိကန်က ထိုရှေ့လုပ်ငန်း**စဉ်(၇)ရပ်ကို လုံးဝပယ်ချခဲ့သည်။ မြန်မာဘက်မှကြည့်လျှင် အောင်ဆန်းစုကြည်သည် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ပေ။ မြန်မာနိုင်ငံကို နယ်ချဲ့အာဏာစက်အောက် ပြန်လည်သွတ်သွင်းနိုင်ရန် အောင်ဆန်းစုကြည်အား ရုပ်သေးရုပ်အဖြစ် အသုံးချလိုသော၊ အောင်ဆန်းစုကြည်ကို ချုပ်ကိုင်နေကြသော အင်္ဂလိပ်-အမေရိကန်ဆရာကြီးများကသာ မြန်မာ**နိုင်ငံအတွက် ခြိမ်းခြောက်မှုဖြစ်နေသည်။ နယ်ချဲ့၏အဓိကပစ်မှတ်မှာ** မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှတို့ဆုံရာတွင် တည်ရှိနေမှု၊ ဒေသမဟာဗျူဟာအရ အရေးပါမှုတို့ကြောင့် ဖြစ်သည်။ ဥရောပတိုက်နှင့် အာရှတိုက်မှ အင်အားကြီး နိုင်ငံသုံးခု (တရုတ်၊အိန္ဒိယနှင့်ရုရှား)တို့က မြန်မာနိုင်ငံနှင့် **ပိုမိုပူးပေါင်းဆောင်ရွက်လာမှုကိုလည်း အမေရိကန်က အစိုးရိမ်ပိုလာ**သည်။ လက်ရှိအားဖြင့် မြန်မာ၏အနီးကပ်ဆုံး မိတ်ဆွေမှာ တရုတ်ဖြစ်သည်။ တရုတ်သည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးတို့တွင် အဆက်အစပ်များစွာရှိသည်။ မြန်မာနိုင်ငံတွင် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများ ကျယ်ပြန့်စွာရှိသည်။ အခြားတစ်ဖက်၌လည်း ရုရှားနှင့် အိန္ဒိယတို့က မြန်မာနှင့်ပိုမိုဆက်သွယ်ဆောင်ရွက်လာကြသည်။

**ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂ၌ တင်သွင်း**ရေး ကြိုးပမ်းနေစဉ်မှာပင် မြန်မာနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**က ရုရှားနိုင်ငံမှ အီတာရာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်**လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ဆန်းဂရု(ဖ်) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်လည်းကောင်း မုတ္တမကမ်းလွန်ပင်လယ်ပြင်၌ ရေနံရှာဖွေထုတ်လုပ်ရေးသဘောတူစာချုပ်များ ချုပ်ဆိုလျက်ရှိသည်။ အိန္ဒိယသည် **မြန်မာနိုင်ငံ၏ အနောက်မြောက်နယ်စပ်မှ ရန်ကုန်မြို့အထိ ကားလမ်း**ဖောက်လုပ်နေသည်။ ထိုကားလမ်းမှာ ဗီယက်နမ်မှသည် အိန္ဒိယနှင့် **ဥရောပသို့တိုင် ခရီးပေါက်မည့် ကားလမ်းဖြစ်ပြီး ဆက်လက်၍**ရထားလမ်းလည်း ပေါ်ပေါက်လာဦးမည်ဖြစ်သည်။ နယ်စပ်တစ်လျှောက် **မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု တားဆီးရေးနှင့် ထိုမူးယစ်ဆေးဝါး**လုပ်ငန်းများကို မှီခိုအားထားနေသော သောင်းကျန်းသူများ ချုပ်ငြိမ်းရေးအတွက်လည်း အိန္ဒိယက မြန်မာနိုင်ငံနှင့် သောင်းကျန်းမှုနှိမ်နင်းရေးစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

**ထိုင်းနိုင်ငံကလည်း နိုင်ငံဖြတ်ကျော် ကားလမ်းစီမံကိန်းများ၊ ရေအား**လျှပ်စစ်စီမံကိန်းများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ လုံခြုံ**ရေးပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံနှင့်လုပ်ဆောင်နေသည်။** မကြာမီက ဖြစ်ပေါ်ခဲ့သော ထိုင်းနိုင်ငံအာဏာသိမ်းမှုမှာ နှစ်နိုင်ငံနီးကပ်စွာဆက်ဆံရေးကို မထိခိုက်နိုင်ပေ။ ထိုင်းကြည်းတပ်အကြီးအကဲ ဆွန်သီဘွန်ညာရပ်ဂ်လင်းသည် မြန်မာနိုင်ငံသို့ စက်တင်ဘာလဆန်းပိုင်းကပင် သွားရောက်လည်ပတ်ခဲ့သည်။

ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှတို့၏ လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိသည်။ ယင်းအနေအထားတွင် မြန်မာနိုင်ငံဖြစ်စေ၊ မည်သည့်နိုင်ငံပင်ဖြစ်စေ ကမ္ဘာ၏တောင်းဆိုမှုကို လက်ခံ**လိုက်လျောရမည်ဟူ၍ ဂျွန်ဘိုလ်တန်က အရေးဆိုခြင်းသည် တဖြည်းဖြည်း**လူကြိုက်နည်းလာသော အကျင့်ပျက်ရာဇဝတ်သား ဘုရှ်-ချေနီအစိုးရအနေဖြင့် ယင်း၏နိဂုံးကမ္ပတ် အဆုံးသတ်လမ်းသို့ လျင်မြန်စွာ လျှောက်လှမ်းနေခြင်းသာ ဖြစ်ပေတော့သည်။ ။



ကူဝိတ်နိုင်ငံ အာမာဒီမြို့ မြောက်ပိုင်းရှိ ဆိပ်ကမ်းတစ်ခု၌ ရေနံတင်သင်္ဘောတစ်စင်း ဆိုက်ကပ်ထားသည်ကို အောက်တိုဘာ ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘောဒီးယား၌ ဝါဏိဇ္ဇပဋိပက္ခ အငြင်းပွားမှု ဖြေရှင်းပေးနိုင်ရန် အထူးကုန်သွယ်ရေး တရားရုံးတည်ထောင်ဖွင့်လှစ်မည်

ဖနောင်ပင် အောက်တိုဘာ ၆

**ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ လိုအပ်ချက်အရ ဝါဏိဇ္ဇပဋိပက္ခ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ၂၀၀၇ခုနှစ်တွင် အထူးကုန်သွယ်ရေးတရားရုံး တစ်ရုံးကိုထူထောင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဖနောင်ပင်မြို့၌ အောက်တိုဘာ ၃ ရက်က ပြောကြားသည်။**

ကမ္ဘောဒီးယားနိုင်ငံသည်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရေးအတွက် ၂၀၀၄ ခုနှစ်က ဒဗလျူတီအိုသို့ ဝင်ရောက်ခဲ့သည်။

အဆိုပါ တရားရုံးကို ဖနောင်ပင်မြို့၌ ထူထောင်ထားရှိပြီး တရားသူကြီး ၃၀ခန့်က ပါဝင်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူ မာအိုသိုရာက ကုန်သွယ်ရေး သင်တန်းတစ်ခု၌ ပြောကြားခဲ့သည်။

**ထူထောင်မည်**

နောက်ပိုင်းတွင် လက်ရှိ အယူခံရုံးနှင့် တရားရုံးဌာနများသည် ကုန်သွယ်ရေး အဖွဲ့ဝင်များအဖြစ် ဆက်လက် ထူထောင်မည်ဖြစ်ကြောင်း သိရသည်။

**အငြင်းပွားမှု**

ကမ္ဘောဒီးယားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် အငြင်းပွားမှုများကို ဖြေရှင်းပေးရန် လိုလားလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ၈၅ နှစ်အရွယ်ရှိ ကနေဒါအဘွားအို ဒေါ်လာ ၁၄ သန်း ထီပေါက်

**အော့တာဝါ အောက်တိုဘာ ၆**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နေထိုင်သော အသက် ၈၅နှစ်အရွယ် အဘွားအိုမှာ သန်းထီပေါက်ခဲ့သဖြင့် အိပ်မက်များကို အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

**ရရှိခဲ့**

အသက် ၈၅နှစ်အရွယ်ရှိ တိုရွန်တိုမြို့သူ မာရီဝေါလ်လန်းစ်သည် ၆-၄၉ ဂဏန်းများပါဝင်သော ထီလက်မှတ်တွဲသုံးစောင်ကို ဝယ်ယူကံစမ်းခဲ့ရာမှ အမေရိကန်ဒေါ်လာ ၁၄သန်းဆုကြေးငွေကို ရရှိခဲ့ခြင်းဖြစ်သည်။

ထိုဆုကြေးငွေမှာ ထီဆုငွေ အမေရိကန်ဒေါ်လာ ၂၄သန်း၏ သုံးပုံနှစ်ပုံဖြစ်သော အမေရိကန်ဒေါ်လာ ၁၄ သန်းတန် ချက်လက်မှတ်ရရှိခဲ့ခြင်း ဖြစ်သည်။

**ပြောင်းရွှေ့**

သူမသည်ပြီးခဲ့သည့် စက်တင်ဘာ ၃၀ မတိုင်မီက ဝယ်ယူကံစမ်းခဲ့သော ထီလက်မှတ်တွဲမှ ထီပေါက်ခဲ့ခြင်းဖြစ်ပြီး အိမ်သစ်တစ်လုံး ဝယ်ယူကာ ပြောင်းရွှေ့နေထိုင်မည်ဖြစ်သည်။ သူမ၏ ခင်ပွန်းသည်မှာ ထီမပေါက်မီ ခုနစ်လခန့်က သေဆုံးသွားခဲ့ပြီး သူမ၏သမီးဖြစ်သူမှာလည်း လွန်ခဲ့သည့် ၁၇ နှစ်က သေဆုံးခဲ့ပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယမြောက်ပိုင်း၌ ဓာတ်လိုက်မှုဖြစ်ပွား

**ပတ္တနာ အောက်တိုဘာ ၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်တွင် အောက်တိုဘာ ၄ ရက်က ထရပ်ကားတစ်စီးသည် မြေပြင်အထက်တွင် သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးနှင့် တိုက်မိသဖြင့် ဓာတ်လိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာ ရရှိသွားခဲ့သည်။

**ဖြစ်ပွား**

ဘီဟာပြည်နယ် ဘီဂူဆာရာမြို့တွင်ခရီးသည် ၅၀ စီးနင်းလိုက်ပါလာသည့် ထရပ်ကားပေါ်တွင် တင်ဆောင်လာသည့် အသံချဲ့စက်နှင့် ဓာတ်အားလိုင်းကြိုးတို့ထိမိပြီး ဓာတ်လိုက်မှုဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**စိုးရိမ်ဖွယ်**

အများစုမှာ မူးမေ့သတိလစ်သွားကြပြီး ၎င်းတို့အားဆေးရုံသို့တင်ပေးခဲ့သည်။ တစ်ဦးမှာ ဆေးရုံရောက်ပြီး မကြာမီသေဆုံးသွားခဲ့သည်။ ခြောက်ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရေနံဈေးနှုန်းထိန်းသိမ်းရန် အိုပက်နိုင်ငံများ ရေနံလျှော့ထုတ်မည်

စင်ကာပူ အောက်တိုဘာ ၆

**ရေနံဈေးနှုန်းတစ်စည် အမေရိကန်ဒေါ်လာ ၅၀ နှင့် ၅၅ ဒေါ်လာနှုန်းရှိစေရန်အတွက် ရေနံထုတ်လုပ်မှုကို တစ်နေ့ရေနံစည်ပေါင်း တစ်သန်း ဖြတ်တောက်သွားမည်ဖြစ်ကြောင်း ရေနံတင်ပို့ရောင်းချသော နိုင်ငံများ (အိုပက်)က သဘောတူညီလိုက်ကြကြောင်း ဘဏ္ဍာရေးဆိုင်ရာ တိုင်းမ်သတင်းစာက အောက်တိုဘာ ၅ ရက်၌ ဖော်ပြသည်။**

လာမည့် သီတင်းပတ်များမှစ၍ အိုပက်အဖွဲ့ဝင်နိုင်ငံများက ရေနံထုတ်လုပ်မှု စတင်ဖြတ်တော့မည် ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကပြီးခဲ့သည့် ဩဂုတ်လအစောပိုင်းကပင် ဈေးနှုန်းကျဆင်းလာမှုကြောင့် ရေနံလျှော့ထုတ်မှု ပြုလုပ်ခဲ့ကြသည်။

ယခုအခါ ကူဝိတ်၊ အီရန်၊ လိုင်ဘေးရီးယားတို့ကလည်း နိုင်ဂျီးရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကဲ့သို့ပင် ရေနံများ လျှော့ထုတ်ကြမည်ဖြစ်သည်၊

**လျှော့ထုတ်**

ထို့အတူ အာရပ်စော်ဘွားများပြည်ထောင်စုကလည်း ရေနံများ လျှော့ထုတ်မည်ဖြစ်သည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

**ဖော်ပြ**

သို့သော်လည်း ဆော်ဒီအာရေဗျနိုင်ငံက လွန်ခဲ့သည့်နှစ်လခန့်ကပင် တစ်နေ့ရေနံစည် နှစ်သိန်းခန့် လျှော့ထုတ်နေကြောင်းလည်း ၎င်းသတင်းစာ၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# ထိုင်းဝန်ကြီးအဖွဲ့ဝင်စာရင်း မကြာမီထုတ်ပြန်မွယ်ရှိ

**ဗန်ကောက် အောက်တိုဘာ ၆**

ထိုင်းကြားဖြတ်အစိုးရ၏ ဝန်ကြီးအဖွဲ့ဝင်သစ် ၃၅နေရာကို ယခုသီတင်းပတ်ကုန်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အမည်စာရင်းများ ထုတ်ဖော်မပြောကြားလိုသေးကြောင်း ဝန်ကြီးချုပ်စူရာယုဒ်ချူလာနွန်က ပြောကြားလိုက်သည်။

ဝန်ကြီးအားလုံး၏ အမည်စာရင်းကို စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အဆိုပါ ဝန်ကြီးချုပ်က သတင်းထောက်များအား ပြောကြားသည်။

**စိတ်ဝင်စားနေ**

မကြာမီက ဘဏ်ထိပ်တန်း တာဝန်ရှိသူနှစ်ဦးအား စူရာယုဒ်၏ အစိုးရတွင် ဝန်ကြီးအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းထားခဲ့ပြီဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ဘဏ်လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားနေကြောင်း သိရသည်။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဒီဗာလူကာသည် ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရပြီး ဗန်ကောက်ဘဏ်ဥက္ကဋ္ဌသည်လည်း ဝန်ကြီးတစ်နေရာ ရရှိလိမ့်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

**လူသားမျှော်စင်**



**လူများဖြင့် တည်ဆောက်နေသော မျှော်စင်တစ်ခုဖြစ်ရန် ကြိုးစားနေကြသူများကို တွေ့ရစဉ်။** (ယာပုံ)

စပိန်နိုင်ငံအရှေ့ပိုင်း တာရာဂိုနာမြို့တွင် လူပေါင်း၂၅၀တို့က တစ်ဦးပေါ်တစ်ဦးဆင့်ကာ လူအရေအတွက် အများဆုံးလူသားမျှော်စင်တစ်ခုအဖြစ် ကြိုးစားပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(အင်တာနက်)**



**ခွေးလေးများစွမ်းရည်ပြ**

**စွမ်းရည်ပြနေသော ခွေးလေးနှစ်ကောင်ကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ဂူရှီမြို့တွင် ပြုလုပ်သည့် အိမ်မွေးတိရစ္ဆာန်များ စွမ်းရည်ပြပွဲ၌ ခွေးလေးနှစ်ကောင်က တစ်ကောင်အပေါ် တစ်ကောင်ရပ်ကာ သွားလာပြီး စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

## မြန်မာ့အာမခံ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်နှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးများ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမတွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဆက်လက်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံးများမှ ဒုတိယလေးလပတ် လုပ်ငန်း အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် တင်ပြဆွေးနွေးချက်များအပေါ် ရုံးချုပ်ဌာန အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။ **(သတင်းစဉ်)**



## မွန်ပြည်နယ် ကျောက်တစ်လုံးတောရ စုပေါင်းရေစက်ချပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာ ကျိုက်မရောလမ်းခွဲ ကျောက်တစ်လုံးတောရကျောင်းတိုက်တွင် မဟာကထိန်အလှူပွဲ စာဂဝေဒဂရဆွမ်းစားဆောင် မုခ်ဦးအလှူပွဲ၊ ဂါလန်တစ်သောင်းကျော်ဆံ့ ရေကန်တော်အလှူပွဲတို့ကို ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက် (အောက်တိုဘာ ၁၅ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီခွဲတွင် စုပေါင်းရေစက်ချ အခမ်းအနား ကျင်းပမည်ဟု သိရသည်။

ရပ်နီးရပ်ဝေးရှိ အလှူရှင် ဒါယကာ ဒါယိကာမအပေါင်းတို့အား ရေစက်ချပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

## အထက (၁) ကမာရွတ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဒေါ်အေးလှိုင် ဖုန်း-၂၉၀၆၄၂၊ ဒေါ်လှလှထွေး ဖုန်း-၅၀၁၄၀၉၊ ဒေါ်နုနုမျိုးခင် ဖုန်း-၀၉-၉၉၇၀၁၄၂၊ ဒေါ်ပန်းခက်ခက် ဖုန်း-၀၉-၅၀၀၀၃၆၆၊ ဒေါ်စိန်မြ ဖုန်း-၅၂၄၄၅၁၊ ဒေါ်ညွန့်ညွန့်ရည် ဖုန်း-၂၉၀၅၂၀၊ Ext-၂၂၄ နှင့် ဒေါ်တင်တင်ရွှေ ဖုန်း-၆၄၁၂၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် ဦးကွန်းဇော်ရိပ်သာ ငါးမိုင်ခွဲ ကန်လမ်းအမှတ် ၁၆/က နေ သားငယ် ကိုဇော်မင်းနိုင်၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးစိန်မင်း-ဒေါ်ခင်ပြုံးရီ၊ သား၊ သမီး၊ မြေးမိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် နှင်းဆီလမ်းသွယ် ၃ အမှတ် ၁၇/၃/၂၆၇နေ ဦးဝင်းမော် (ခေတ္တမလေးရှား)-ဒေါ်အေးအေးရီ၊ သမီးကြီး မသန္တာမော်၊ သမီးငယ် မနှင်းယုယုမော် မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ) ရှေ့မှောက်၌ တာဝန်ခံကိုမျိုး (ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၆

**သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအခမ်းအနားဖွင့်ပွဲနှင့်အတူ ပထမအကြိမ် ပန်းပွဲတော်နှင့် National Landmarks Garden ဖွင့်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။**

**အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် မဂ္ဂဇင်းအထူးထုတ်ဝေမည်ဖြစ်ပြီး မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ဝတ္ထုတို၊ ဝတ္ထုရှည် စာမူများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်သော သမိုင်းဝင်အထောက်အထားများကို ညွှန်ကြားရေးမှူး သဘာဝဝန်းကျင်နှင့် သားငါးငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ဖုန်း -၀၆၇-၄၀၅၃၉၇၊၀၁-၆၈၁၇၆၁နှင့် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၄၀၁၊ ၀၁-၆၈၁၉၂၉တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် စာမူရှင်များအား ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာများပေးပို့ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ရှာရန် ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

## ကိုးဘွဲ့ရဆရာတော် အောက်တိုဘာလ ဓမ္မသဘင်

**ရန်ကုန် အောက်တိုဘာ ၆**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရအရှင်မြတ်သည် အောက်တိုဘာ ၇ ရက်တွင် အရာတော်မြို့ မကျီးကန်ရွာ တည်ပင်ကျောင်းကထိန်ပွဲ၊ ၈ ရက် ညနေ ၆ နာရီ ဆည်းဆာတွင် မုံရွာမြို့ အောင်ချမ်းသာမြို့သစ်၊ အရဏ်ဆွမ်းလောင်း အသင်းအောင်ပွဲ၊ ည၈နာရီတွင် မုံရွာမြို့ ဘုန်းစိုးကျောင်းတိုက် အထူးပွဲ၊၉ ရက်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရားဝင်း ဆယ်ခန့်ဓမ္မာရုံ ဓမ္မပါရမီ အထူးပွဲ၊၁၀ရက်တွင် မုံရွာမြို့ သလ္လာရပ်ကွက် အာရုံဦးဘုံဆွမ်းလောင်းအသင်းပွဲ၊ ၁၁၊ ၁၂ရက်တို့တွင် မြင်းခြံမြို့ ဆီမီးခုံရွာအထူးပွဲ၊ ၁၃ ရက်တွင် မုံရွာမြို့နယ် အောင်သာကျေးရွာဓမ္မာရုံ ရေစက်ချပွဲ၊ ၁၄ရက်တွင် မွန်းလွဲ၂နာရီနှင့် ည၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာဥပုသ်ပွဲနှစ်ပွဲ၊ ၁၅ ရက်ညတွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား ရွှေသမင်မုန့်တိုက် အထူးတရားပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့်ဆက်သွယ်လိုပါက ရွှေဟင်္သာတိုက်သစ်ကျောင်း သဒ္ဓမ္မကာရီကျောင်းဆောင် ၀၇၂-၂၂၁၇၀၊ ၀၁-၇၀၈၄၀၃ နှင့် ၀၉၅- ၃၃၀၈၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## တန်ဖိုးကြီးမား သူ့ဆန်းမြွေများ

သြစတြေးလျနိုင်ငံ၌ မြွေသူခိုးများက နေအိမ်တစ်အိမ်မှ သြစတြေးလျဒေါ်လာ ၁၀၀၀၀၀ ကျော် (အမေရိကန်ဒေါ်လာ ၇၅၀၀၀)ရှိ အလွန်ရှားပါးပြီး တန်ဖိုးကြီးမားသည့် မြွေစိမ်းစပါးအုံးများကို ခိုးယူသွား၍ ရဲအဖွဲ့က လိုက်လံရှာဖွေလျက်ရှိသည်။

### တန်ဖိုးရှိ

သူခိုးများသည် မြွေများကိုပိုင်သည့် မိသားစုနေထိုင်ရာ အဒီလိုက်ဒီအရပ်ကို ချဉ်းကပ်၍ မြွေစိမ်းစပါးအုံး ၁၂ ကောင်ကို ခိုးယူသွားခဲ့ကြောင်း၊ တစ်ကောင်လျှင် သြစတြေးလျဒေါ်လာ ၉၀၀၀ ခန့် တန်ဖိုးရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

### လိုက်လံစုံစမ်း

သြစတြေးလျနိုင်ငံအနှံ့ မြွေများရောင်းချနိုင်သည့်နေရာများ၊ ဈေးများတွင် ရဲအဖွဲ့က သူခိုးများကို လိုက်လံစုံစမ်းလျက်ရှိသည်။

ယင်းမြွေများသည် အစိမ်းပေါ်တွင် အဝါနှင့် အနက်ပြောက်လေးများပါရှိသည်ဟုဆိုသည်။ ၎င်းမြွေများ၏ နေရင်းနိုင်ငံများမှာ ပါပူးဝါနယူးဂီနီ၊ အင်ဒိုနီးရှားနှင့် သြစတြေးလျမြောက်ပိုင်းဒေသများ ဖြစ်ကြသည်။

**(ကိုးကား-အင်တာနက်)**



## အင်တာနက် သတင်းနှင့် ဓာတ်ပုံ



## သေးငယ်သောဂြိုဟ်သစ်များတွေ့ရှိ

နက္ခတ္တဗေဒပညာရှင်များသည် သေးငယ်သောဂြိုဟ်သစ်များကို ထပ်မံတွေ့ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

### လှည့်ပတ်

ယခင်က သိရှိထားသည်ထက် ကြယ်တာရာများသည် ဂြိုဟ်များကို အနီးကပ် လှည့်ပတ်နေကြသည်ကို တွေ့ရသည်ဟုဆိုသည်။

ဒေါက်တာ ကိုင်လက်ဆာဟုနှင့်အဖွဲ့သည် ကြယ်စုများတည်ရှိနေသည်ဟုလူသိများသော နဂါးငွေ့တန်းအတွင်း ဂြိုဟ်သစ်များကို တွေ့ရှိခဲ့သည်ဟုဆိုသည်။ **(အပေါ်ပုံ)**

### ဂြိုဟ် ၁၆ လုံး

ယင်းတို့၏တွေ့ရှိချက်များကို သိပ္ပံဂျာနယ်က ရေးသားဖော်ပြသည်မှာ စုစုပေါင်းဂြိုဟ် ၁၆ လုံးရှိသည်။

အရံဂြိုဟ်အများဆုံးဂြိုဟ်မှာ မိမိတို့နေအဖွဲ့အစည်းအတွင်း အကြီးဆုံးဂြိုဟ်ဖြစ်သည့် ဂျူပီတာဂြိုဟ်ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**



**တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့(၄၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ အကောင်းဆုံးဆုရ ဒုတိယရဲအုပ် မိုးအောင်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

# နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်(၄)ရပ် မျက်ခြည်မပြတ် အစဉ်သတိချပ် လူမှုရေးလုပ်ငန်းများ ရပ်ရွာလူထုနှင့် ပူးပေါင်းပြီး စည်းလုံးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ၄ရက် နံနက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ဦးစီးမှူးများ တက်ရောက်ကြသည်။

## လိုက်နာကျင့်သုံး

ရှေးဦးစွာလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မိမိဌာန၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူလူထုအတွင်း ပိုမိုသိရှိလာအောင် လူမှုရေးလုပ်ငန်းများကို ရပ်ရွာလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းအချင်းချင်း မိသားစုအသွင်ဖြင့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရေး မှာကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ လူမှုဝန်ထမ်း ဦးစီးဌာနများက ဆောင်ရွက်ပြီးစီးခဲ့သော လူမှုဝန်ထမ်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားရန်ရှိသည့် လူမှုဝန်ထမ်းလုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ လူမှုဝန်ထမ်း ဦးစီးဌာန ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (လူမှုဝန်ထမ်း)



# ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ယနေ့ နံနက် ၈နာရီက ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်းရှင်လူ ယောဂီများက အဘိဓမ္မာပါဠိတော်များ၊ အဘိဓမ္မာ ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က အဘိဓမ္မာအခါတော်နေ့အကြောင်းတင်ပြပြီး ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က အဘိဓမ္မာတရားတော်များကို ဟောကြားချီးမြှင့်သည်။ ဆက်လက်၍ ဆွမ်းအလှူရှင် ဒုတိယဗိုလ်မှူးကြီး ဇင်ဝေသိမ်း-ဇနီး ဒေါ်ခင်ခင်ဝင်း အစရှိသော အလှူရှင်များကို အတွင်းရေးမှူး ဒေါက်တာ တင်ခိုင်မြင့်က ဖတ်ကြားတင်ပြပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ အသက် ၇၀ အထက် သက်ကြီး ယောဂီ ၄၀ကျော်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ ထို့နောက် ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့တွင် ပြုလုပ်ကြသော ကုသိုလ်ကောင်းမှုများ အတွက် ရေစက်ချအနုမောဒနာတရား ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၃၁(A) မြေနီလမ်း ဧရာဝဏ်ရိပ်သာ ကျောက်တိုင်ရပ်ကွက် သာကေတမြို့နယ်နေ ဦးစစ်ရီအား ရည်စူး၍ ဒေါ်ခင်ယုံ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# ခရမ်း ကွမ်းမိုးဒိန်းကျေးရွာရှိ မစိုးရိမ်တိုက်သစ်ကျောင်းခွဲ ကျောင်းဆောင်သစ်ငွေလှူနိုင်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ ယခုနှစ် မတ်လမှစ၍ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းခွဲအဖြစ် အလျားပေ ၉၀၊ အနံပေ၄၀ရှိ သာသနဇောတိက မစိုးရိမ်တိုက်သစ် (ပင်မ) နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းလျက်ရှိသည်။

အဆိုပါ ကျောင်းဆောင်ကြီးကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုတို့က မတည်လှူဒါန်းမှုဖြင့် အလှူရှင် အသီးသီးတို့၏ လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၄၀၀ခန့် ရရှိထားပြီး ယခုနှစ် နှစ်ကုန်အပြီး ဆောက်လုပ်လျက်ရှိသည်။

ထို့ပြင် စာသင်သား သံဃာတော်များ၊ စာချဆရာတော်များအတွက် နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်၊ သိမ်တို့ကိုဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ မစိုးရိမ်တိုက်သစ် ဖုန်း-၀၁-၃၉၀၀၇၁၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ ဖုန်း-၀၂-၃၉၅၉၈၊ ၀၉-၂၀-၀၂၆၂၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇-၁၀-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၂) |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၇:၄၀ | တေးဂီတအစီအစဉ် |
| ၇:၄၅ | ကျွန်းမျှောပေါ်က ခရမ်းချဉ်သီး |
| ၈:၀၀ | တေးဂီတအစီအစဉ် |
| ၈:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၁၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | တန်ခိုးတော်အနန္တပြည့်ဝ မွမ်းထုံရွှေစည်းခုံ |
| ၈:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၀၀ | Fashion Fever [ဒီဇိုင်နာ သီတာဝင်း DOZO ၏ ညနေခင်းပွဲတက် ဝတ်စုံများ] |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၅ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (စိမ်းချိုသရက်သီး) |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | Yangon Panorama (Perfect Magazine စာနယ်ဇင်းမိတ်ဆက်ပွဲ) |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၄၀ | ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့ |
| ၁၁:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅ | Music Talk (စန္ဒရားကွန်းဇော်) |
| ၁၁:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅ | ဇီဝလောင်စာဆီအတွက် အားထားရမည့်ကြက်ဆူကြိတ်စက်များ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**Euro Qualifier ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၀ | England-Macedonia | 5-Sports( Live) |

# သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ လူမှုရေးအသင်းအဖွဲ့များ ငွေနှင့် ပစ္စည်းလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၆**

ပေါင်းတည်မြို့နယ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက ဘိုးဘွားရိပ်သာရှိ စိန်ရတုခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှကြိုင်နှင့် ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အဘိုးအဘွားများအား အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းသည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာ ဇီဝိတဒါနဆေးရုံကြီးအတွက် အလှူရှင် ဦးကိုကိုကြီး-ဒေါ်အေးကြည် သားသမီးများဖြစ်ကြသော ဝတ်လုံတော်ရ ဦးဝင်းလှိုင်၊ ဒေါ်ခင်ရီ၊ ဦးစိုးမြင့် တို့အား ရည်စူး၍ ဒေါ်တင်ရီဈေး(၁) ရပ်ကွက် ၆လမ်း ပေါင်းတည်မှ ကျပ်သိန်း၃၀၊ **(အောက်ယာပုံ)** ဆရာ ဦးသိန်းလွင်-ဒေါ်ခင်ဝင်း အမှတ်၂၆၃၊ (ပ) ဆိပ်ကမ်းသာလမ်း ဆဋ္ဌမအကြိမ် ကျပ်သုံးသိန်း၊ ဦးကျော်မြင့်-ဒေါ်တင်ရွှေ မိသားစု ၄၄ ရွှေတောင်ကြားလမ်း ရန်ကုန်မြို့က ကျပ်ငါးသိန်း၊ ဒေါ်စောဥမ္မာအား ရည်စူး၍ သချ်ာ ဦးသန်းနိုင်-ဒေါ်နန်းတိုးတိုးအေး အမှတ် ၄၄ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်က ကျပ်နှစ်သိန်း၊ ဦးမြင့်သိန်းကျော်-ဒေါ်ခင်မူမူထိုက် အမှတ် ၄/၁၆ အောင်ဓမ္မရိပ်သာလမ်း လှိုင်မြို့နယ်က ကျပ်တစ်သိန်း၊ ဦးဘဂျမ်း-ဒေါ်အုန်းရီ မင်းကွက်(၃) အနောက်လမ်းက ကျပ်တစ်သိန်း၊ ဦးကျင်ဟုတ်အား ရည်စူး၍ ဇနီး ဒေါ်ယဉ်ကြည် သား ကိုနိုင်ဌေး-မဖြူဖြူဝင်း မင်းကွက်(၁)ရပ်ကွက်၊၁၅လမ်းကကျပ်တစ်သိန်း၊ ဦးသန်းရွှေအား ရည်စူး၍ ဇနီး ဒေါ်သီ မင်းကွက် (၃)ရပ်ကွက်စန္ဒာရုံကွက်သစ်က ကျပ်တစ်သိန်း၊ ဦးသံချောင်း-ဒေါ်မြင့်မြင့်သိန်း၊ အာရှ ခရီးသည်ပို့ဆောင်ရေး ဈေး(၁) ရပ်ကွက် အရှေ့လမ်းက ကျပ်တစ်သိန်း၊ ဦးသန်းဦး-ဒေါ်ထားထားရီ သမီး မေ သန္တာဦး သား မောင်အောင်မြင့်မြတ် မင်းကွက် (၃)ရပ်ကွက် ရွှေတောင်လမ်းက ကျပ်ခုနစ်သောင်း၊ ဦးစံတင်-ဒေါ်ဆောင်း မင်းကွက်(၃)ရပ်ကွက် စန္ဒာရုံကွက်သစ်က ကျပ်ငါးသောင်း၊ ဒေါ်စောဥမ္မာအား ရည်စူး၍ ဦးမြတ်မိုးဝင်း-ဒေါ်နိုင်နိုင်အေး တိုက်၁၁၂ အခန်း၆၀/၆၁ ဧမိုင် ပြည်လမ်းက ကျပ်နှစ်သောင်းနှင့် ထာဝရဆွမ်းပဒေသာပင်နှင့်ဘက်စုံပြုပြင်မွမ်းမံရေးအတွက်မင်္ဂလာဇေယျာကျောင်း ဆရာတော် ဦးနန္ဒသီရိ၏ ဝေယျာဝစ္စအဖွဲ့က ကျပ် ၆၇၆၅၆၀၊ ဗိုလ်မှူး ထင်ကျော်အားရည်စူး၍ ဒေါ်ခင်ဆွေသန်း စာတိုက်ဝင်းက ကျပ် ၂၅၀၀၀၀၊ ဒေါ်ခင်ကြည်အားရည်စူး၍ ဦးလှသိန်း-ဒေါ်တင်ရီ ဈေး(၁)ရပ်ကွက် ၆လမ်းက ကျပ် ၁၅၀၀၀၀၊ ဦးဟန်တင်-ဒေါ်ရပ်ကျောင်းအားရည်စူး၍ ဒေါ်သန်းသန်းစိန်၊ ဒေါက်တာ ဒေါ်ခင်အုန်းမြင့်၊ သား ရန်မျိုးအောင်က ကျပ် ၁၅၀၀၀၀၊ ဦးအေးမြင့်-ဒေါ်စမ်းစမ်းအေး ဈေး(၁) ရပ်ကွက် ၉လမ်းက ကျပ် ၁၁၅၀၀၀၊ ရန်ကုန်မြို့မှ အလှူရှင်များက ကျပ် ၁၂၈၀၀၅၊ ဦးရန်စီးဖန်အား ရည်စူး၍ ဇနီးဒေါ်ဟွမ်ဖုံးကြိမ် ပ-၅၆ ပန်လုံလမ်း ဟိုပန်မြို့နယ် (ရှမ်းမြောက်)က ကျပ် ၁၀၀၀၀၀၊ ဦးချစ်ထွေး-ဒေါ်သန်းသန်းမြင့်မိသားစု မင်းကွက် (၃)ရပ်ကွက် တာပွန်လမ်းက ကျပ် ၅၅၅၅၅၊ ဦးအောင်မြင့် အောင်မြင်သူ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး အင်းမမြို့က ကျပ် ၅၀၀၀၀၊ ကုန်သည်များနှင့် စီးပွားရေး လုပ်ငန်းရှင်များအသင်းက ကျပ် ၅၀၀၀၀၊ ဦးကျော်ကျော်ဦး ရွှေဆိုင် အရှေ့လမ်းက ကျပ် ၅၀၀၀၀ တို့အား လှူဒါန်းရာ တာဝန်ရှိ သူများက လက်ခံရယူပြီး စုစုပေါင်း လှူဒါန်းငွေမှာ ကျပ်သိန်း ၆၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**(က-ပ)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများ ပပျောက်အောင်ဆောင်ရွက် ယာဉ်မတော်တဆမှုဖြစ်ပွားသည့် အကြောင်းရင်းများလေ့လာ၍ ကြိုတင်ကာကွယ်

ရန်ကုန် အောက်တိုဘာ ၆

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲအတွက် အလှူငွေများပေးအပ်ပွဲနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၈)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းတက်ရောက်၍ အလှူငွေများကိုလက်ခံပြီး အမှာစကားပြောကြားသည်။**

## လက်ခံ

ရှေးဦးစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအတွက် အလှူရှင် ဇန္ဒုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်၁၀သိန်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ဦးကြည်လွင် (ပင်းယကုမ္ပဏီလီမိတက်)၊ ဦးကျော်ကျော်(K.Y Kyaw Kyaw Trading Ltd.)၊ မစ္စတာအိ (Khaing Khaing Group Co.,Ltd.)၊ စီးတီးရှိုင်းဆောက်လုပ်ရေး၊ ဦးဇော်မင်း (မင်္ဂလာရုပ်ရှင်ရုံနှင့်သမ္မတရုပ်ရှင်ရုံ)၊ ဦးခင်ဇော်(ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ် ငါးသိန်းစီနှင့် ဘုရင့်နောင်ပွဲရုံသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဦးစံရွှေ (အိုမိဆုသောက်ရေသန့်)၊ Aisa World Co.,Ltd.၊ ဦးညီအောင် (ဒါရိုက်တာ၊ Mikko Food Marketing Co.,Ltd.)တို့က ငွေကျပ် သုံးသိန်းစီ အပါအဝင် အလှူရှင်များက ငွေကျပ် ၁၇၈၄၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

## ကြိုတင်ကာကွယ်

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၈)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက အမှာစကားပြောကြားရာတွင် ကော်မတီအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများ ပပျောက်စေရန်နှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း၌ တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ရာ ဖွဲ့စည်းပေးထားသောကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက စာတမ်းဖတ်ပွဲကိုပါ ကျင်းပသွားရန်ရှိကြောင်း၊ ယာဉ်မတော်တဆမှုများ မဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းရာတွင် ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းများကို လေ့လာ၍ ကြိုတင်ကာကွယ်မှုနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများ ကို ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

## တင်ပြဆွေးနွေး

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



မန္တလေးမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့နေ ဒေါက်တာတင်နိုင်ထွန်း (သတ္တဗေဒဌာနမှူး–ငြိမ်း)ဦးဆောင်သည့် ဓမ္မမိတ်ဆွေများက စုပေါင်း၍ အလှူငွေကျပ် ၁၅၃၀၀၀ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က–ပ)

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ၄ရက်တွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ဦးကျော်အောင်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖုလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တာဝန်ရှိသူများသည် လုပ်သက်နှစ်၃၀ကျော် တာဝန်ထမ်းဆောင်ဆု၊ခွင့်ရက်အနည်းဆုံးဆုနှင့် သင်တန်းထူးချွန်ဆုရသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ဝန်ထမ်းရေးရာဦးစီးဌာန၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ကျေးလက်ဒေသစွမ်းအင်နည်းပညာများ အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့်စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးလက်ဒေသစွမ်းအင်နည်းပညာများ ( Rural Energy Technologies )အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ရက် နံနက်၉နာရီက ရန်ကုန်မြို့ တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ ဆွေးနွေးပွဲခန်းမသစ်၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်(**အပေါ်ပုံ**)၊ အိန္ဒိယသမ္မတနိုင်ငံ TERI (စွမ်းအင်နှင့်အရင်းအမြစ်သိပ္ပံ)မှ ညွှန်ကြားရေးမှူးချုပ် Dr. R.K Pachauriနှင့် စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကျော်တို့က အမှာစကားပြောကြားကြသည်။

## ဆွေးနွေးနှီးနှော

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ စွမ်းအင်နှင့်အရင်းအမြစ်သိပ္ပံမှ စာတမ်းရှင် Mr. Sunil Dhingra က Biomass Energy Technology: Potential and Opportunities၊ Rural Electrification Through Biomass Gasifiers စာတမ်းများကိုလည်း ကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စာတမ်းရှင် ဦးထွန်းနိုင်အောင်က Biomass Gasifier in Myanmar စာတမ်းကိုလည်းကောင်း၊ ဒေါ်မိစန္ဒာမွန်က Recent Researches in Biomass Gasifier စာတမ်းကိုလည်းကောင်း၊ ဦးတင်ငြိမ်းက Co. Generation By Biogasifier for Biodieseal Processing စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြပြီး တက်ရောက်လာကြသူများက စာတမ်းများအပေါ် ဆွေးနွေးနှီးနှောကြသည်။

## တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E Bhaskar Kumar Mitra၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အလုပ်အမှုဆောင်များ၊ စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ TERI (စွမ်းအင်နှင့်အရင်းအမြစ်သိပ္ပံ)မှ ညွှန်ကြားရေးမှူးချုပ် Dr. R.K Pachauri နှင့် အမှုဆောင်အရာရှိများ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ပါယ်–လာဘ်ခေါ်–ဝမ်းသာအောင်ဘုရားကြီး တည်ထားကိုးကွယ်မည်

**ရန်ကုန် အောက်တိုဘာ ၆**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်မြို့ရှိ နိဗ္ဗာန်လမ်းပြ ကျောင်းကြီးတိုက်၌ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ရွှေသိဒ္ဓိအောင်ဆရာတော်ကြီး ကြီးမှူး၍ ဉာဏ်တော်အမြင့် ၁၈ပေ၊ ကြေးပိဿာ ၂၀၀၀ ရှိ ရန်ပါယ် – လာဘ်ခေါ် – ဝမ်းသာအောင်ဘုရားကြီးအား တည်ထားကိုးကွယ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုကြသော တပည့်ဒါယကာ ဒါယိကာမများသည် ဖုန်း–၀၉–၅၁–၇၄၉၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# အောင်စကြာဆရာတော် တရားချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁၊ ၂ ရက် (အောက်တိုဘာ ၇နှင့်၈ ရက်)များတွင် ပဲခူးတိုင်း ကဝမြို့ ကန္တားကျောင်း မဟာစည်ရိပ်သာတွင် နိဗ္ဗာန်လမ်းပြတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**

# အခွန်အခအကြောင်းသိကောင်းစရာ တွေ့ဆုံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကကူညီပံ့ပိုး၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ အခွန်အခ အကြောင်း သိကောင်းစရာ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနာယကများနှင့် အကြံပေးအဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ အတွင်းရေးမှူး ဒေါ်လှဝတီနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်)နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

## ရှင်းလင်းဖြေကြား

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက အခွန်အခများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုန်သွယ်လုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိန်အေးက ကုန်သွယ်မှုလုပ်ငန်းခွန်နှင့်ပတ်သက်၍လည်းကောင်း၊ ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဝင်ငွေခွန်နှင့်ပတ်သက်၍လည်းကောင်း၊ အမြတ်ခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းနွယ်က အမြတ်ခွန်နှင့်ပတ်သက်၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက ကြိုတင်မေးမြန်းထားသည့် မေးခွန်းများနှင့် တက်ရောက်လာကြသူလုပ်ငန်းရှင်များက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းကို တည်ထောင်ခဲ့သူ အကြံပေးပုဂ္ဂိုလ်အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(က–ပ)**

# ဘုရားပူးတွေ ဒီနှစ် အတော်လေး စည်ကားတာတွေ့ရ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ကြည်နူးပီတိဖြစ်မိ





**မဟာဝိဇယစေတီတော်**

**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က မဟာဝိဇယစေတီတော် လိုဏ်ဂူတော်တွင် ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ဆူးလေစေတီတော်**

**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ဆူးလေစေတီတော် ရင်ပြင်တော်ပေါ်၌ ဘုရားဖူး ပြည်သူများက ဘုရားရှင်အား သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဤသို့ ပူဇော်ကြည်ညိုခဲ့ကြသည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

✡ ရှေ့ဖုံးမှ

### အဘိဓမ္မာအခါတော်နေ့

ထိုသို့ ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသောနေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်နှင့် ကမ္ဘာအေးအစရှိသည့်ဘုရားများ၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနားများကိုစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

### ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်၏ ၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) အခမ်းအနားကို ရွှေတိဂုံ ရင်ပြင်တော် တောင်ဘက် ဧည့်ခံတန်ဆောင်း၌ သီတင်းကျွတ်လပြည့်နေ့ နံနက် ၅ နာရီခွဲမှ စတင် ကျင်းပသည်။

ရွှေတိဂုံစေတီတော်ကြီးနှင့်ရင်ပြင်တော်ရှိ ဘုရားစေတီများအား ဆွမ်းတော်ကြီးတင်လှူခြင်း၊ သစ်သီး၊ မုန့်များဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းရာတွင် ရွှေတိဂုံဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးများက စုပေါင်းကပ်လှူကြခြင်း ဖြစ်သည်။

### ဆွမ်းသိမ်းအောင်ပွဲ

ထို့နောက် နံနက် ၉ နာရီခွဲတွင် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များနှင့် ဆွမ်းသိမ်းအောင်ပွဲ၊ အနုမောဒနာ

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရွှေတိဂုံဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများ၊ ရွှေတိဂုံဘုရားဂေါပကရုံးဝန်ထမ်းများ တက်ရောက် ကြည်ညိုကြသည်။

ယခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ကား ယခင်နှစ်များထက် စည်ကားသိုက်မြိုက်လျက်ရှိသည်။ ဘုရားဖူးလာပရိသတ်များကား ကြက်ပျံမကျ ကြိတ်ကြိတ်တိုးလျက်ရှိသလို ရင်ပြင်တော်ပေါ်ရှိ တန်ဆောင်းတိုင်းတွင်လည်း စတုဒိသာ

သီလခံယူပွဲများကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါးနှင့် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ရွှေတိဂုံဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက နဝင်္ဂသီလခံယူတည်ဆောက်ခြင်း၊ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူခြင်း၊ ဆရာတော် သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အဘိဓမ္မာဒေသနာတော်ဆိုင်ရာ အနုမောဒနာ တရားနာယူအမျှဝေခြင်းတို့ ပြုလုပ်ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် အဘိဓမ္မာခုနစ်ကျမ်း ကောက်နုတ်ချက် ပါဠိတော်များ ရွတ်ဖတ် ပူဇော်ပွဲအခမ်းအနားကို ရွှေတိဂုံရင်ပြင် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ကျေးမွေးသူများနှင့် စည်ကားလျက်ရှိသည်။

### ဆီမီးပူဇော်ပွဲ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးထွန်းရွှေအား ရွှေတိဂုံဘုရား၌ အဘိဓမ္မာအခါတော်နေ့ ဆီမီးပူဇော်မှုနှင့် ပတ်သက်၍ မေးမြန်းရာ "မီးထွန်းပွဲကို မီးပုံးပေါင်းများစွာနဲ့ ပူဇော်မှုပြုလုပ်ကြောင်း၊ အဖိတ်နေ့၊ လပြည့်နေ့နဲ့ လပြည့်ကျော် တစ်ရက်နေ့တွေမှာ ပြုလုပ်ပြီး မီးပုံးတွေမှာ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်ပုံတွေနဲ့ အခြားဘာသာ

## အဘိဓမ္မာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်ဖြစ် ဒီနေ့ ဒီအရွယ်မှာ စိတ်ထဲ တရားအသိတွေ အရင်ထက်ကိုန်းအောင်နေ

ရေး အသိပေးမှုရုပ်ပုံတွေလဲ ပါရှိတာမို့ ကြည့်ရှုသူ လူငယ်တွေ အသိတရားရရှိစေအောင် ပြုလုပ်ထားပါတယ်၊ မီးပုံးတွေ မီးထွန်းညှိတာကတော့ ညနေ ၆ နာရီဖြစ်ပြီး ည ၁၀ နာရီအထိ မီးထွန်း ပူဇော်မှာဖြစ်ပါတယ်၊ ရင်ပြင်တော်ကိုလဲ စီတန်းလှည့်လည်ပြီး ပူဇော်မှာဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

### ဝမ်းသာကြည်နူးပီတိဖြစ်ရ

ရွှေတိဂုံစေတီ ရင်ပြင်တော်တွင်ရှိသော စောင်းတန်းများ၌လည်း ဘုရားဖူးလာသူ၊ သီလယူသူများနှင့် စည်ကားလျက်ရှိရာ ကြည့်မြင်တိုင်မှ လာသူ အသက် ၇၈ နှစ်အရွယ်ရှိ အဘွား ဒေါ်အေးမြင့်အား သီတင်းကျွတ်လပြည့်နေ့ ဘုရားလာရမှုနှင့် ခံစားမှုကို မေးမြန်းရာ "သီတင်းကျွတ်လပြည့်နေ့တိုင်း နှစ်တိုင်းရောက်တယ်၊ ဘုရားကို သစ်သီးဆွမ်းတွေလဲ ကပ်ပြီးပြီ၊ အခု ဆရာတော်ဆီမှာ သီလယူဖို့စောင့်နေတာ၊ ဒီနှစ် အရမ်းစည်တယ်၊ ဘုရားဖူးတွေအများကြီးပဲ၊ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ ဘုရားမှာ လူစည်ကားတော့ ဝမ်းသာကြည်နူးပီတိဖြစ်ရတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

### ဆူးလေစေတီတော်

ထို့အတူ ဆူးလေစေတီ၏ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့၌ အစီအစဉ် သုံးရပ်ဖြင့် ကျင်းပသည်။ နံနက် ၅ နာရီခွဲတွင် ဆူးလေစေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်းများဖြင့် ကပ်လှူပူဇော်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် ဆူးလေစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကာ ဘာသာရေးအသင်း



**ဗိုလ်တထောင်စေတီတော်**

**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ပရဝဏ်အတွင်း ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာသီရိက ဘုရားဖူးလာ ပြည်သူများအား သီလပေးတရားတော်များ ဤသို့ ချီးမြှင့်တော်မူခဲ့သည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



အဖွဲ့များက အဘိဓမ္မာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ညနေ ၆ နာရီတွင် ဆူးလေစေတီ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် မြို့နယ်များမှ ဘာသာရေးအသင်းအဖွဲ့များက ဆီမီးငါးထောင် ထွန်းညှိပူဇော်ခြင်းကို ဆူးလေစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရာသီဥတုမှာ နေ့ခင်းတွင် နေမပူ၊ မိုးမရွာသဖြင့် သာသာယာယာရှိရာ ဆူးလေစေတီတော်ရင်ပြင်တွင်ဘုရားဖူးလာသူများ တိုးမပေါက်အောင် ရှိနေသည်။ ဆူးလေစေတီတော် အာရုံခံတန်ဆောင်းအတွင်းရှိ ဘုရားဖူးလာသူ ဦးသိန်းဝင်း(၆၈)နှစ်အား ယနေ့ဘုရားဖူးလာမှုနှင့်ပတ်သက်၍ မေးမြန်းရာ "အဘိဓမ္မာအခါတော်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် နေ့ထူးနေ့မြတ်

# ‘ဘီ’ ကာကွယ်ဆေးစက်ရုံ၏ အောင်ပွဲ

**“ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်”** ဟူသော စကားသည် အသည်းရောင် အသားဝါ(ဘီ)ရောဂါအတွက် မှန်ကန်လှပါသည်။ **“ဘီ”**ပိုးဟုခေါ်တွင်နေသော အသည်းရောင်အသားဝါ(ဘီ) ဗိုင်းရပ်စ်ပိုးသည် လူ့ခန္ဓာကိုယ်ထဲ ကူးစက်ပါက အသည်းကို ရောင်စေရုံနှင့် ပြီးမသွားဘဲ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော နာတာရှည်အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါစသည့် အသက်အန္တရာယ်ပေးနိုင်သော ရောဂါဆိုးကြီးများအထိ ဖြစ်ပွားသွားနိုင်ပါသည်။ အသည်းရောင်အသားဝါရောဂါ အကြောင်းကို ရှေးနှစ်ပေါင်းထောင်ကျော် (ဘီစီ၅ရာစု)ကတည်းက ရေးသားထားသော ဆေးမှတ်တမ်းများတွင် တွေ့ရှိရပါသည်။ ကံကောင်းသည်ကား ၁၉၇၁ ခုနှစ်မှစ၍ Blumberg, Hillman အစရှိသော သိပ္ပံပညာရှင်များ၏ ကြိုးပမ်းမှု၊ တီထွင်စမ်းသပ်မှု အဆင့်ဆင့်တို့ကြောင့် အန္တရာယ်ကင်း၍ အာနိသင်ကောင်းသော ကာကွယ်ဆေးကို သွေးရည်ကြည်မှအောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

၁၉၈၁ခုနှစ်တွင် အနောက်နိုင်ငံများ၌ မှတ်ပုံတင်ခွင့် ရရှိကာ လူအများအသုံးပြုခွင့်ရခဲ့ပါသည်။ ၁၉၈၆ခုနှစ်တွင် ဗီဇနည်းပညာဖြင့် ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို ထပ်မံစမ်းသပ်တီထွင် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဤကာကွယ်ဆေးများကို သန်းပေါင်းထောင်နှင့်ချီသော လူများတွင် ဆေးထိုးပြီးဖြစ်၍ အန္တရာယ်အကင်းဆုံး ကာကွယ်ဆေးတစ်မျိုး ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အသိအမှတ်ပြုကာ အာနိသင်လည်း ကောင်းသဖြင့် နိုင်ငံတိုင်းတွင် ကလေးများ တိုးချဲ့ကာကွယ်ဆေးထိုး အစီအစဉ် (EPI) တွင်ထည့်ရန် အကြံပြုတိုက်တွန်းထားပါသည်။

မြန်မာနိုင်ငံတွင်လည်း အသည်းရောင် အသားဝါ(ဘီ)ပိုး နာတာရှည်သယ်ဆောင်သူဦးရေ ၁၀ရာခိုင်နှုန်းမှ ၁၂ရာခိုင်နှုန်းရှိ၍ ရောဂါကူးစက်ဖူးသူ ၆၀ရာခိုင်နှုန်းဝန်းကျင် ရှိကြောင်း သုတေသန စစ်ဆေးချက်များတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါရောဂါကို ကာကွယ်ထိန်းချုပ်ရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်လျက် ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရဆိုလျှင် အသည်းရောင်အသားဝါ(ဘီ)ရောဂါကို ကာကွယ်ထိန်းချုပ်ရန် အထိရောက်ဆုံးနည်းလမ်းမှာ ကလေးများ တိုးချဲ့ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်းဆေးထိုးခြင်းဖြစ်ပါသည်။ သို့ရာတွင် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးသည် တန်ဖိုးကြီးမားသဖြင့် ၎င်းကို အလိုအပ်ဆုံးဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်(EPI)၌ ပုံမှန်ထည့်သွင်းဆေးထိုးရန် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။

EPIတွင် ထိုးနေသော ကာကွယ်ဆေး ခြောက်မျိုး DPT,BCG, Polio, Measles vaccines တန်ဖိုးထက် အသည်းရောင်အသားဝါ(ဘီ) ထိုးဆေးတစ်လုံးတန်ဖိုးက ပိုများကြောင်း သိရပါသည်။ ထိုပြဿနာကို ဖြေရှင်းရန် နည်းလမ်းမှာ မိမိနိုင်ငံတွင် ကိုယ့်အားကိုယ်ကိုး၍ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း သိရှိလာပါသည်။ အန္တရာယ်ကင်း၍ အာနိသင်ကောင်းသော ကာကွယ်ဆေးကို ပြည်တွင်းတွင် ထုတ်လုပ်ရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ ၁၉၈၉ခုနှစ်မှ ယခုတိုင် ၁၇နှစ်အတွင်း အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပါသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၌ ၁၉၈၉ ခုနှစ်တွင် UNDP/WHO အထောက်အပံ့ဖြင့် **“သွေး”** ရည်ကြည်မှ အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်ခြင်း (ရှေ့ပြေး) စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဆေးသုတေသနဦးစီးဌာနမှ သုတေသီ ငါးဦးကို ၁၉၉၁ခုနှစ်တွင် အမေရိကန်နိုင်ငံ Centers For Disease Control နှင့် New York Blood Center တို့တွင် ခြောက်လကြာစီ “သွေး” ရည်ကြည်မှ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်သော နည်းပညာသင်တန်းတက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆေးသုတေသန ဦးစီးဌာန၌ ဓာတ်ခွဲခန်းအဆင့် (Laboratory scale)ကို ၁၉၉၂-၁၉၉၄တွင် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင်သာမက New York Blood Center မှလည်း ၎င်း ကာကွယ်ဆေးကို ကူညီစမ်းသပ် စစ်ဆေးပေးခဲ့ရာ မျောက်ဝံများတွင် အန္တရာယ်ကင်းကြောင်း တွေ့ရပြီး ၁၉၉၆တွင် လူများ၌ အန္တရာယ်ကင်း၍ အာနိသင်ကောင်းကြောင်း တွေ့ရှိခဲ့ရပါသည်။ ၁၉၉၇ ခုနှစ်မှစ၍ သွေးရည်ကြည်မှ ထုတ်လုပ်သော ကာကွယ်ဆေးကို ရှေ့ပြေး ဓာတ်ခွဲခန်း အဆင့်မှ အသေးစားထုတ်လုပ်မှုအဆင့်သို့ တိုး၍ တစ်နှစ်လျှင် ထိုးဆေး

## ဒေါက်တာခင်ပြုံးကြည်
### ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

အလုံးရေ တစ်သိန်းခွဲခန့်ကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ထုတ်လုပ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် အသုံးပြုလျက်ရှိပါသည်။ သို့ရာတွင် ကာကွယ်ဆေး ထုတ်လုပ်နိုင်မည့် သွေးရည်ကြည်မှာ လုံလောက်စွာမရနိုင်၍ တစ်နှစ်လျှင် မြန်မာနိုင်ငံ၏ လိုအပ်ချက်ဖြစ်သော ကာကွယ်ဆေး ထိုးဆေးအလုံးရေ ငါးသန်းရရန်အတွက် နည်းလမ်းရှာကြရပါသည်။

ခေတ်မီဗီဇနည်းပညာဖြင့် တဆေးမှအသည်းရောင်အသားဝါ **“ဘီ”** ကာကွယ်ဆေး အမြောက်အမြား ထုတ်လုပ်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေချေးငွေ (EDCF Loan) ဖြင့် ကာကွယ်ဆေးစက်ရုံ တည်ဆောက်ရန် ၂၀၀၀ပြည့်နှစ်တွင် ကိုရီးယားဘဏ်(KEXIM Bank)နှင့် စာချုပ်ချုပ်ဆို၍ ၂၀၀၁ ခုနှစ်တွင် Samsungကော်ပိုရေးရှင်းနှင့် စာချုပ်ခဲ့ပါသည်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကိုရီးယား CJ ကော်ပိုရေးရှင်းမှစက်ရုံတည်ဆောက်ခြင်းနှင့် ကာကွယ်ဆေးဌာနခွဲမှ ဝန်ထမ်း၁၆ဦးကို ကိုရီးယားနိုင်ငံကာကွယ်ဆေး စက်ရုံတွင် ကာကွယ်ဆေးထုတ်လုပ်နည်း သင်တန်းများ ပေးခဲ့ပါသည်။၂၀၀၃ ခုနှစ်တွင် စက်ရုံ၌ စက်ပစ္စည်းများတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်ရုံတည်ဆောက်မည့် ရန်ကုန်မြို့နှင့် ၂၆မိုင်ကွာဝေးသော လှည်းကူးမြို့နယ် အမှတ်(၇)လမ်းမကြီးနှင့် ခရေပင်လမ်းခွဲထောင့်၌ ၂၀၀၂-၂၀၀၃ ခုနှစ်များတွင် စက်ရုံသို့ သွားသောလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား မီးတိုင်နှင့်လိုင်းများ အသစ်သွယ်တန်းခြင်း၊ တယ်လီဖုန်းတိုင်နှင့်လိုင်းများ အသစ်တပ်ဆင်ခြင်းများကိုလည်း နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၀၃-၂၀၀၄ခုနှစ်တွင် ကိုရီးယားပညာရှင် ၁၆ဦးသည် မြန်မာနိုင်ငံ ကာကွယ်ဆေးစက်ရုံမှ ဝန်ထမ်း၉၀ခန့်ကို သက်ဆိုင်ရာအဖွဲ့လိုက် သွေးရည်ကြည်မှ ကာကွယ်ဆေးထုတ်လုပ်ခြင်း၊ ဗီဇနည်းပညာဖြင့် တဆေးမှကာကွယ်ဆေးထုတ်လုပ်ခြင်း၊ ပုလင်းသွင်းခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ အရည်အသွေးအာမခံခြင်းစသော ပညာရပ်များကို လက်တွေ့သင်ကြားပေးရင်း သွေးရည်ကြည်မှကာကွယ်ဆေးကိုလည်းကောင်း၊ ဗီဇနည်းပညာဖြင့် တဆေးမှ ကာကွယ်ဆေးကိုလည်းကောင်း ထုတ်လုပ် ပုလင်းသွင်းခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် WHOမှ သတ်မှတ်ထားသော ညွှန်ကြားချက်များအရ ကာကွယ်ဆေးများ၏ အန္တရာယ်ကင်းမှု၊ အာနိသင်ကောင်းမှုတို့ကို လူများ(Adult Human Volunteers)တွင် ဆေးထိုး၍ အန္တရာယ်ကင်းကြောင်း စမ်းသပ်စစ်ဆေး တွေ့ရှိခဲ့ရပါသည်။

ဆက်လက်၍ ၂၀၀၆ခုနှစ်တွင် ကာကွယ်ဆေးစက်ရုံမှထုတ်လုပ်သော ကာကွယ်ဆေးနှစ်မျိုးစလုံးကို မွေးကင်းစကလေးငယ်များ (Target Population)တွင် ဆေးထိုး၍ပြန်လည်စစ်ဆေးကြည့်ရာ အန္တရာယ်ကင်း၍ အာနိသင်ကောင်းကြောင်း၊ စံချိန်စံညွှန်းမီသော ကာကွယ်ဆေးဖြစ်ကြောင်းတွေ့ရှိရသဖြင့် ကျန်းမာရေးကဏ္ဍအတွက် အလွန်မင်္ဂလာရှိသော သတင်းကောင်းတစ်ခု ဖြစ်ပါသည်။

ဤစီမံကိန်းအောင်မြင်ခြင်းကြောင့်-

(၁) ကလေးငယ်များအားလုံး မွေးကင်းစမှစ၍ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနိုင်မည်ဖြစ်ပြီး ဤရောဂါဆိုးကြီး၏ အန္တရာယ်မှ ကာကွယ်လွတ်ကင်းနိုင်ပါမည်။

(၂) ကာကွယ်ဆေးစက်ရုံမှ ဝန်ထမ်းများမှာလည်း ခေတ်မီဗီဇနည်းစနစ် နည်းပညာများ Recombinant DNA Technology ကို တတ်မြောက်သွားကြ၍ အကျိုးရှိလှပါသည်။

(၃) ကာကွယ်ဆေးစက်ရုံ WHO GMPရရန်အတွက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)ကိုလည်း WHO GMP အဆင့်မီစေရန် ပြုပြင်မွမ်းမံရသဖြင့် မြန်မာ FDA သည်လည်း အဆင့်အတန်းပို၍ တိုးတက်လာပါသည်။

(၄) ကာကွယ်ဆေးစက်ရုံနှင့် မြန်မာFDA တို့ WHO GMP ရရှိရန်အတွက် ဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပတို့တွင် သင်တန်းများ တက်ရောက်စေခြင်းဖြင့် ဝန်ထမ်းတို့၏ ကျွမ်းကျင်မှုစွမ်းအား မြင့်မားလာစေပါသည်။

ကာကွယ်ဆေးစက်ရုံတွင် ဗီဇနည်းပညာဖြင့် ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး(Recombinant Hepatitis B Vaccine)ကို တစ်နှစ်လျှင် ကလေးထိုးဆေးလုံးရေ ငါးသန်းထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

စံချိန်စံညွှန်းမီသော ကာကွယ်ဆေးအနေဖြင့် လူများတွင် အောင်မြင်စွာ စမ်းသပ်စစ်ဆေးပြီးဖြစ်၍ မွေးကင်းစ ကလေးများ အပါအဝင် လူအများ တွင်ကျယ်စွာအသုံးပြုရန် စိတ်ချရသောအဆင့်သို့ ရောက်ရှိပြီဖြစ်သောကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၉-၈-၂၀၀၆ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) လက်အောက်ရှိ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခင်ကလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ ကြက်ဟင်းခါးသီးကို ဆီးချိုရောဂါအတွက်လည်းကောင်း၊ ရာတန်စေ့ကို ဝမ်းကိုက်ရောဂါအတွက် လည်းကောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် သုတေသနပြုလုပ်စမ်းသပ်အောင်မြင်သဖြင့် နည်းပညာလွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါသည်။ ဆေးသုတေသနဦးစီးဌာန ဝန်ထမ်းများမှ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဝန်ထမ်းများသို့ နည်းပညာ လွှဲပြောင်းပေးလျက်ရှိပြီး အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံတွင် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိရာ မကြာမီကာလအတွင်း စက်ရုံဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပတော့မည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

## ဇီဝိတဒါနသံဃာ့ဆေးရုံသို့ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၆**

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ဆေးရုံသုံး ပစ္စည်းများ ဇီဝိတဒါန သံဃာ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထူးကု ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံမှူးကြီး Mr. Tetsuro Amano က ဆေးရုံသုံး ပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီးက ဆေးရုံသုံးပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)ထံသို့ လွှဲပြောင်းပေးအပ်သည်။

**(အောက်ပုံ)**



ယင်းနောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဘုံကထိန်ဆက်ကပ်ပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က ဦးဆောင်၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်တို့နှင့် ပင့်သံဃာတော်အရှင်မြတ်များအား ကထိန်သင်္ကန်း လှူဒါန်းဆက်ကပ်မည်ဖြစ်ရာ (သီတင်းကျွတ်လပြည့်ကျော် ၂ရက်) အောက်တိုဘာ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကိုယ်တိုင် သင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် ကုသိုလ်ရှင်အပေါင်းအား ဖိတ်ကြား နိုးဆော်ထားသည်။ **(က-ပ)**

# အမှတ်(၁)စက်မှုဝန်ကြီးဌာနကြီးမှူးကျင်းပ
# လုပ်ငန်းဆိုင်ရာနှင့် ဘွိုင်လာကိုင်တွယ်သူများသင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၀၆) (ရန်ကုန်)နှင့် ဘွိုင်လာကိုင်တွယ်သူများ သင်တန်းအမှတ်စဉ် (၂/၂၀၀၆) (ရန်ကုန်) သင်တန်းဆင်းပွဲများကို ယမန်နေ့ နံနက်၁၁နာရီက ရန်ကုန်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။**

ထို့နောက် ဝန်ကြီးက လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၀၆) (ရန်ကုန်)သင်တန်း၌ ပထမဆုရရှိသူ ဒေါ်နှင်းဝတ်ရည်ဇော်**(အောက်ပုံ)**၊ ဒုတိယဆုရရှိသူ ဒေါ်စံပယ်ဖြူနှင့် တတိယဆုရရှိသူ ဒေါ်ချိုချိုဝင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား ခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



### ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဘွိုင်လာကိုင်တွယ်သူများသင်တန်း အမှတ်စဉ်(၂/၂၀၀၆)၌ ပထမဆုရ ဒေါ်ခင်သူသူဝင်း၊ ဒုတိယဆုရ ဦးအောင်ဘိုဦးနှင့် တတိယဆုရ ဦးအောင်ထွေးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

### တက်ရောက်

ယနေ့ ကျင်းပသော သင်တန်းဆင်းပွဲများတွင် လုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ် (၂/၂၀၀၆)(ရန်ကုန်)သို့ သင်တန်းသား သင်တန်းသူ၄၅ဦးနှင့် ဘွိုင်လာကိုင်တွယ်သူများ သင်တန်းအမှတ်စဉ်(၂/၂၀၀၆)သို့ သင်တန်းသား သင်တန်းသူ ၇၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်စီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဖခင်ဦးသာရင်–မိခင် ဒေါ်လှတင်၊ အစ်မကြီး ဒေါ်တင်လှတို့အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၀၆) ရပ်ကွက် ဩဘာလမ်း အမှတ် (၉၀၃)နေ ဒေါ်သန်းသန်းမြင့် မောင်နှမ တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌသီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများစစ်ဆေး
# ဘာသာရပ်တစ်ခုချင်းအလိုက် အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးမှာကြား

**ရန်ကုန် အောက်တိုဘာ ၆**

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မန္တလေးတိုင်း တိုင်းပညာရေးမှူး ဦးစောထွန်း လိုက်ပါလျက် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀နာရီခွဲက ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ မြို့နယ်ပညာရေးမှူး၊ လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးတို့နှင့် တွေ့ဆုံ၍ ကျောင်းစစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးကို ဆွေးနွေးမှာကြားကာ သူငယ်တန်းနှင့် စတုတ္ထတန်းကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်ကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့်ဝန်ကြီးသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တိုင်းပညာရေးမှူးတို့ လိုက်ပါလျက် မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး အောင်ဆန်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအားတွေ့ဆုံကာ ကျောင်းစစ်ဆေးရေးလုပ်ငန်းများ၊ ပညာရည်စစ်ဆေးတိုင်းတာမှု၊ ဆရာဆရာမများ သင်ပြသည့်ဘာသာရပ်နှင့်ကိုက်ညီမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိပြီး Learning Centreခန်းမ၌ ဆရာဆရာမများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ် ဦးလှသိန်းက ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေ၊ သင်ထောက်ကူပစ္စည်းများအသုံးပြုမှု၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆွေးနွေး မှာကြားသည်။

### အောင်ချက်မြင့်မား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့ ဝမ်းတွင်း–သဲတောအခြေခံပညာ အထက်တန်းကျောင်း၊ ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်အခြေခံပညာ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ စက်တင်ဘာ၃၀ရက် နံနက်၉နာရီခွဲတွင်ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးတို့နှင့် တွေ့ဆုံ၍ ကျောင်းစစ်ဆေးရေးလုပ်ငန်းဆောင် ရွက်ပြီးစီးမှု၊ ဘာသာရပ်တစ်ခုချင်း အလိုက်အောင်ချက်မြင့်မားရေး၊ ဘာသာရပ်ကိုက်ညီမှုရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ရာပြည့်ကျောင်းဆောင်၌စစ်ကိုင်းတိုင်း တိုင်းပညာရေးမှူး (စစ်ဆေးရေး)၊မြို့နယ်ပညာရေးမှူး၊ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းဆောင်သစ်ကြီးရှိ ဘွဲ့နှင်းခန်းမကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း
# ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ၄ရက် နံနက်၈နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိ ဝင်းသူဇာ မင်္ဂလာခန်းမ၌ ကျင်းပသည်။**





**ရန်ကုန်တိုင်း အတွင်း အေအိုင်ဒီအက်စ်၊ တီဘီ အခြားနာတာရှည်ရောဂါ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ကူးစက်ဆရာဝန်ကြီး (အောက်မြန်မာပြည်) ဒေါက်တာ မြသန်းနွယ် အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)

### ရှင်းလင်းပြောကြား

ရေးဦးစွာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ကူးစက်ဆရာဝန်ကြီး (အောက်မြန်မာပြည်) ဒေါက်တာဒေါ်မြသန်းနွယ်က ရန်ကုန်တိုင်းအတွင်း ပြည်သူလူထု အခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ရန်ကုန်တိုင်းအတွင်း လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု၏ ကျန်းမာရေးစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်က အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် လူမှုရေးအသင်း အဖွဲ့များ ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးအတွက် ရောဂါ ကာကွယ်ရေး၊ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ရန်ကုန်တိုင်းရှိ ပြည်သူလူထုအတွင်း ကျန်းမာရေးနည်းစနစ်များနှင့်အညီလူမှုရေးအသင်းအဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါ်လောနာက နာတာရှည် ရောဂါလူနာများအား အိမ်တွင်းပြုစုစောင့်ရှောက်မှု လိုအပ်ချက်များကို လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကျန်းမာရေးပညာပေး

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါ အပါအဝင် တီဘီရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နာတာရှည်လူနာများအား လက်တွေ့ပြုစုနည်း ကျန်းမာရေးပညာပေးခြင်း၊ သံဓာတ်အားဆေးပြားများနှင့် ဖောလစ်အက်ဆစ်အား ဆေးပြားများဝေငှပေးခြင်း၊ မိသားစုများအား ရောဂါကူးစက်မှုမရှိစေရန်နှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**



**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အတွင်းရှိ ရပ်ကွက်များသို့ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ ကွင်းဆင်း၍ ရောဂါ ဝေဒနာရှင်များအား ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (ကျန်းမာရေး)

7-10 (11) 1 10/7/06, 1:33 AM

# ကမ္ဘာတစ်လွှား အားကစား

## ပြင်သစ်ဂိုးသမားဘားသက်ဇ် ဘောလုံးသမားဘဝမှ အနားယူပြီ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၆

**ပြင်သစ်ဘောလုံးအသင်း လက်ရွေးစင် ဂိုးသမားဟောင်း ဖာဘီယန်ဘားသက်ဇ်သည် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

အသက်၃၅နှစ်အရွယ်ရှိ ဘားသက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ မာဆေးကလပ်တွင် ကစားခဲ့ပြီးနောက်ပိုင်း မည်သည့်အသင်းနှင့်မျှ ဆက်သွယ်ကစားခြင်းမရှိကြောင်း သိရသည်။



ပြင်သစ်ဘောလုံးအသင်း လက်ရွေးစင်ဂိုးသမားဟောင်း ဖာဘီယန်ဘားသက်ဇ်။

**လက်စွမ်းပြ**

ဘားသက်ဇ်သည် ၁၉၉၈ခုနှစ်က ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ကလည်း ပြင်သစ်အသင်းကို ဥရောပ ဖလားရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်သည်။ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပြင်သစ်အသင်းကို နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင်လည်း လက်စွမ်းပြနိုင်ခဲ့သူဖြစ်သည်။

၂၀၀၀ပြည့်နှစ်က မန်ယူအသင်းသို့ သုံးနှစ်ကြာပြောင်းရွှေ့ကစားခဲ့ပြီးနောက် မာဆေးကလပ်သို့ ရွှေ့ပြောင်းကစားခဲ့သူဖြစ်သည်။ ဘားသက်ဇ်သည် ပြင်သစ်အသင်းနှင့်အတူ နိုင်ငံတကာကစားပွဲ ၈၇ပွဲ ကစားခဲ့သည်။ **(အင်တာနက်)**

## ပြင်သစ်အတွက် အနယ်ကာကို ပြန်ခေါ်ယူ

ပါရီ အောက်တိုဘာ ၆

**ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် စကော့တလန်နှင့် ကစားမည့်ပွဲတွင် တိုက်စစ်မှူး နီကိုလတ်အနယ်ကာကို ပြန်လည်ခေါ်ယူ ကစားမည်ဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ကြေညာသည်။**



ပြင်သစ် တိုက်စစ်မှူး နီကိုလတ်အနယ်ကာ။

ဘော်လတန်တိုက်စစ်မှူး အနယ်ကာသည် ပြီးခဲ့သည့်မတ်လက ဆလိုဗက်ကီးရားအသင်းနှင့် ခြေစစ်ပွဲကစားပြီးနောက်ပိုင်း ပြင်သစ်အသင်းတွင် ပါဝင်ကစားခြင်း မရှိချေ။

မန်ယူတိုက်စစ်မှူး ဆာဟာသည်လည်း ပြင်သစ်အသင်းတွင် ပါဝင်ရန် မသေချာလျက်ရှိရာ ပြင်သစ် တိုက်စစ်မှူးအဖြစ် အနယ်ကာကို ပြန်လည်ခေါ်ယူခြင်းဖြစ်သည်။

**ပြောကြား**

အနယ်ကာအပြင် အွန်နရီနှင့် ထရက်ဇီဂေးတို့ကို ခေါ်ယူ ကစားရန် ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်က ပြင်ဆင်လျက်ရှိသည်။ အနယ်ကာသည် အွန်နရီကို ပံ့ပိုးပေးရန်အတွက်ဖြစ်ကြောင်း ပြင်သစ်နည်းပြက ပြောကြားသည်။ **(အင်တာနက်)**

## နိုင်ဂျီးရီးယားအသင်းတွင် အိုကိုချာ ပါဝင်မည်မဟုတ်

**လန်ဒန် အောက်တိုဘာ ၆**

အောက်တိုဘာရက်၌ ကစားရမည့် ၂၀၀၈ အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် လီဆိုသိုနှင့် ကစားရမည့်ပွဲတွင် ဂျေဂျေအိုကိုချာ ပါဝင်မည်မဟုတ်ကြောင်း နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။



နိုင်ဂျီးရီးယားအသင်းခေါင်းဆောင်ဟောင်း ဂျေဂျေ အိုကိုချာ။

**မပြုလုပ်ခဲ့**

နိုင်ဂျီးရီးယား ဘောလုံးအသင်း ခေါင်းဆောင်ဟောင်းဖြစ်သူ အိုကိုချာသည် နိုင်ဂျီးရီးယားဘောလုံး အသင်းနှင့် တစ်စုံတစ်ရာ ဆက်သွယ်ခြင်းလည်း မပြုခဲ့ကြောင်း လီဆိုသိုအသင်းနှင့် ကစားရေးကို မည်သည့် တုံ့ပြန်မှုမျှ မပြုလုပ်ခဲ့ကြောင်း နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အနားယူ**

အသက် ၃၃နှစ်အရွယ်ရှိ အိုကိုချာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အီဂျစ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် အာဖရိကဖလားဘောလုံးပြိုင်ပွဲပြီး နောက်ပိုင်း၌ နိုင်ငံတကာ ဘောလုံးသမားဘဝမှ အနားယူခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

## ကားလို့စ်တီဗက်ဇ်နှင့် မာရှေယာနို ဝက်စ်ဟမ်းမှထွက်ခွာသင့် အာဂျင်တီးနားအသင်းနည်းပြ တိုက်တွန်းပြောကြား

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၆

**ကားလို့စ်တီဗက်ဇ်နှင့် မာရှေယာနိုတို့အား ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန် အာဂျင်တီးနားအသင်းနည်းပြအယ်ဖီယိုဘာဆေးက တိုက်တွန်းပြောကြားလိုက်သည်။**

အဆိုပါ အာဂျင်တီးနားကစားသမားနှစ်ဦးသည် ဘရာဇီးကလပ်ကိုရင်သီယန်အသင်းမှ ပြောင်းရွှေ့လာပြီးနောက် ဝက်စ်ဟမ်းတွင် ရုန်းကန်ကြိုးစားနေကြသော်လည်း အောင်မြင်မှုမရဘဲ ဖြစ်နေသည်။

**ပူပန်မိ**

တီဗက်ဇ်နှင့် မာရှေယာနိုတို့အနေဖြင့် ဝက်စ်ဟမ်းတွင် ခြေစွမ်းပြမကစားနိုင်ကြ၍ အမှန်တကယ်ပင် စိုးရိမ်ပူပန်မိကြောင်း ဘာဆေးက အာဂျင်တီနား ဘောလုံး ဝက်ဘ်ဆိုက်တစ်ခုသို့ ပြောကြားသည်။

ယင်းတို့နှစ်ဦးစလုံး ဝက်စ်ဟမ်းမှ မကြာမီ ထွက်ခွာလိမ့်မည်ဟူ၍လည်း မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။

**လွှဲယူ**

ဘာဆေးသည် အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားပြီးနောက် ဂျို့စ်ပီကာမန်ထံမှ လွှဲပြောင်းယူခဲ့သည်။





တီဗက်ဇ်နှင့် မာရှေယာနို။

မာရှေယာနိုနှင့် တီဗက်ဇ်တို့သည် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် ဂျာမနီအသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကလပ်အသင်းများတွင်လည်း ခြေစွမ်းပျောက်လျက်သည်။

မာရှေယာနိုအနေဖြင့် အီတလီ စီးရီးဘီဂျူဗင်းတပ်စ်သို့ ပြောင်းရွှေ့သင့်ပြီး တီဗက်ဇ်မှာ အခြားတစ်သင်းသို့ ရွေးချယ်ပြောင်းရွှေ့ရန် မျှော်လင့်ကြောင်း ဘာဆေးက ပြောကြားသည်။ **(အင်တာနက်)**

## အင်္ဂလန်နည်းပြ မက်ကလာရင်အား နောက်တန်းလူ ဖာဒီနန် ချီးကျူးစကားဆို

လန်ဒန် အောက်တိုဘာ ၆

**အင်္ဂလန်နည်းပြ မက်ကလာရင်သည် ဆာအလက်ဇ်ဖာဂူဆန်ကဲ့သို့ ရိုးသားဖြောင့်မတ်သူဖြစ်ကြောင်း မန်ယူနောက်တန်းလူဖာဒီနန်က ပြောကြားလိုက်သည်။**

မန်ယူနည်းပြ ဖာဂူဆန် အောင်မြင်မှုများ ရရှိနေခြင်းမှာ ဝေ့လည်ကြောင်ပတ်လုပ်တတ်သူမဟုတ်၍ ဖြစ်ကြောင်း ဖာဒီနန်ကဆိုသည်။

လက်ရှိ အင်္ဂလန်နည်းပြမှာလည်း ဖာဂူဆန်ကဲ့သို့ အရည်အချင်းရှိသူတစ်ဦး ဖြစ်ကြောင်း ပြောစရာရှိလျှင် ပွင့်လင်းစွာဝေဖန်ပြောဆိုတတ်ကြောင်း ၎င်းက ချီးကျူးစကားဆိုသည်။

**အောင်မြင်တိုးတက်စေ**

ဖာဒီနန်သည် အင်္ဂလန်အသင်းကို အောင်မြင်တိုးတက်စေလိုသော ဆန္ဒဖြင့် အသင်းကို ဝေဖန်နေသူတစ်ဦးဖြစ်သည်။

**အောင်မြင်**

အင်္ဂလန်အသင်းသည် နည်းပြသစ် မက်ကလာရင်လက်ထက်တွင် အောင်မြင်မှုများ အထိုက်အလျောက်ရလာ၍ အင်္ဂလန်အသင်း၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်သည်လည်း အဆင့်(၄)သို့ တက်ရောက်လာခဲ့သည်။

**ယှဉ်ပြိုင်**

ယူရိုခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းသည် အောက်တိုဘာ ၇ရက်တွင် အိုးထရက်ဖို့ဒ်၌ မက်ဆီဒိုးနီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၁ရက်တွင် ခရိုအေးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရန် ရှိသည်။ **(အင်တာနက်)**



အင်္ဂလန်အသင်း နောက်တန်းကစားသမား မန်ယူမှ ဖာဒီနန်။

## ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲယားက လက်ရှိချန်ပီယံကိုနိုင်

တိုကျို အောက်တိုဘာ ၆

**ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဝစ္စလေမိုဒိုင်းအား တတိယအကျော့ပြိုင်ပွဲတွင် အနိုင်ရအောင်ပွဲခံခဲ့သည်။**

ဖက်ဒဲယားသည် ယင်းပွဲကို ၅၂မိနစ်သာ ကစားပြီး ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

**အနိုင်ရ**

မိမိသည် ယခုပြိုင်ပွဲကို အလေးအနက်ထား၍ ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချို့သော ရိုက်ချက်များသည် အလွန်ခက်ခဲစွာ ကစားခဲ့ရကြောင်း၊ သို့သော်လည်း အနိုင်ရခဲ့၍ အံ့အားသင့်မိကြောင်း ဖက်ဒဲယားက ပြိုင်ပွဲအပြီး ပြောကြားသည်။

**အခြားပွဲ**

အခြားပွဲအဖြစ် တော်မီရိုဘရီဒိုက ဗီးစင့်စပါဒီယာကို ၆-၄၊ ၇-၆(၁၁-၉)ဖြင့် အနိုင်ရခဲ့သည်။

ထိုအတောအတွင်း တောင်ကိုရီးယားမှ ထိုက်လီက ဒီဗစ်ထရီတာဆူနော့ဗ်ကို ၆-၄၊ ၂-၆၊ ၆-၄ဖြင့် အနိုင်ရခဲ့သည်။

ဖက်ဒဲယားသည် ယင်းပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ခက်ခဲစွာ ယှဉ်ပြိုင်ခဲ့ရသည်။ သို့သော်လည်း နောက်ဆုံး၌ လက်ရှိချန်ပီယံ မိုဒိုင်းကို အနိုင်ယူနိုင်ခဲ့သည်။ **(အင်တာနက်)**



ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယား။

# တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ပူဇနီယပွဲတော် အထူးတရားပွဲ

**'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။'**

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် | အထူးတရားပွဲအစီအစဉ် |
|---|---|---|
| အနောက်ဂန္ဓါရုံ မုံလယ်တောရ<br>အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်<br>စနေနေ့ (၇-၁၀-၂၀၀၆) | **ကျင်းပမည့်နေ့ရက်**<br>၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့<br>၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ<br>**ကျင်းပမည့်နေရာ**<br>မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။<br>**ကျင်းပမည့်အချိန်**<br>ညစဉ်( ၇း၀၀ )နာရီ |
| နိုင်ငံတော်သံဃမဟာနာယကအဖွဲ့<br>ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ<br>အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ<br>အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ<br>(သရက်ဆရာတော်) | ၁၃၆၈ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်<br>တနင်္ဂနွေနေ့ (၈-၁၀-၂၀၀၆) | |
| ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ<br>ဓမ္မဒူတ အရှင်ဆေကိန္ဒ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်<br>တနင်္လာနေ့ (၉-၁၀-၂၀၀၆) | |
| တိပိဋကဓရ တိပိဋကကောဝိဒ<br>ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော်<br>ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော် | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်<br>အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆) | |
| တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ<br>တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက<br>ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်<br>ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆) | |
| စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်<br>ဓမ္မကထိက ဗဟုဇန ဟိတရေ<br>သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်<br>ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆) | |
| ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ<br>(ချမ်းမြေ့ဆရာတော်) | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်<br>သောကြာနေ့ (၁၃-၁၀-၂၀၀၆) | |
| စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့<br>ဗုဒ္ဓတက္ကသိုလ်အဓိပတိ<br>မဟာဓမ္မကထိက ဗဟုဇနဟိတရေ<br>သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ<br>(D.Litt), Ph.D | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်<br>စနေနေ့ (၁၄-၁၀-၂၀၀၆) | |

# နိုင်ငံတကာပြိုင်ပွဲနှင့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်မှုရရှိရန် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် စခန်းသွင်းလေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၆

**ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် မြန်မာနိုင်ငံရှိ အဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများသည် ပြိုင်ပွဲရလဒ်အပေါ်သုံးသပ်၍ ရှေ့လာမည့်နိုင်ငံတကာပြိုင်ပွဲများ၊ (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် အားကစားသမားရွေးချယ်မှုနှင့် အလားအလာရှိ လူငယ်အားကစားသမားများရွေးချယ်ခြင်း၊ မိမိတို့အားကစားကဏ္ဍအလိုက် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်စိမ့်ဝင်ပျံ့နှံ့လာအောင် စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လာခဲ့သည်။**

## စခန်းသွင်း

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအောက်တွင် အားကစားအဖွဲ့ချုပ် ၃၈ ဖွဲ့ ရှိသည့်အနက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကို ဥက္ကဋ္ဌအဖြစ် ဦးထွန်းထွန်း(သိရောမဏိကျောက်မျက်ရတနာရောင်းဝယ်ရေး)နှင့် အတွင်းရေးမှူး ဦးစီးအရာရှိဒေါ်သီသီရှိန်တို့ပါဝင်သည့် ဂျူဒိုအဖွဲ့ချုပ်သစ်ကို ၂၀၀၆ခုနှစ် မတ်၂၉ရက်က ဖွဲ့စည်း၍ နိုင်ငံတကာဂျူဒိုပြိုင်ပွဲများနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ၂၀၀၆ခုနှစ် ဧပြီ ၁ ရက်တွင် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးရုံတွင် စခန်းသွင်းလေ့ကျင့်မှုကို စတင်ခဲ့သည်။

## လေ့ကျင့်မှု

ဂျူဒိုအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်ယှဉ်ပြိုင်မှု၊ နိုင်ငံခြားနည်းပြများ ငှားရမ်းလေ့ကျင့်မှုနှင့်ပတ်သက်၍ အတွင်းရေးမှူး ဒေါ်သီသီရှိန်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

အတွင်းရေးမှူးဒေါ်သီသီရှိန်က "မိမိတို့အဖွဲ့ချုပ်အနေဖြင့် ပြန်လည်ဖွဲ့စည်းမှုသည် ယခုဆိုလျှင်ခြောက်လတိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကာလအတွင်း မိမိတို့ဂျူဒိုအားကစားခန်းမ၊ ရုံးခန်းနှင့်အိပ်ဆောင်များကို ပြုပြင်ခဲ့ကြောင်း၊ စခန်းသွင်းလေ့ကျင့်မှုကို ဧပြီ ၁ ရက်တွင် စတင်ခဲ့ပြီး ပြိုင်ပွဲအနီးအဝေး ကာလအလိုက် တနင်္ဂနွေတစ်ရက်သာနားပြီး လေ့ကျင့်စေခဲ့ကြောင်း၊ မိမိတို့ ဂျပန်နိုင်ငံမှတာဝန်ရှိသူများနှင့်သွားရောက်ညှိနှိုင်းပြီး ဂျပန်နည်းပြဆရာ မစ္စတာ Anira Suzuki ကို အားကစားဝန်ကြီးဌာန ဝန်ကြီးထံတင်ပြပြီး ဇူလိုင်လမှ စက်တင်ဘာ ၂၇ ရက်အထိ ငှားရမ်းပြီးလေ့ကျင့်စေခဲ့ကြောင်း၊ ထို့အပြင် ကိုဒိုကန်ကျောင်းမှ Mr. Fugita အစီအစဉ်ဖြင့် တက္ကသိုလ်ကျောင်းသားများကိုစေလွှတ်ကာ ပူးတွဲလေ့ကျင့်စေခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရန် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ချန်သာပူရီမြို့တွင်ကျင်းပသည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် အားကစားသမား ၁၁ ဦးဖြင့် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုရရှိပြီး အမျိုးသမီးအဖွဲ့သည် ပြိုင်ပွဲဝင် ၂၂ သင်းရှိသည့်အနက် အဆင့်(၅) ရရှိခဲ့ကြောင်း၊ ယင်းပြိုင်ပွဲရလဒ်အားသာချက်၊ အားနည်းချက်များကိုပြုပြင်၍ ဂျပန်နည်းပြဆရာနှင့် တိုင်ပင်လေ့ကျင့်ပြီး ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပသည့် (၁၅)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲကို အားကစားသမားခုနစ်ဦးဖြင့်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခုရရှိခဲ့ကြောင်း၊ ယင်းပြိုင်ပွဲတွင် မြန်မာပြည်မှအားထားရသည့် မိုးစန္ဒာထွန်းသည် ဗိုလ်လုပွဲတွင် ဒဏ်ရာရရှိသွား၍ ရွှေတံဆိပ်နှင့် လွဲခဲ့ရကြောင်း၊ ယင်းပြိုင်ပွဲတွင် ၁၄နိုင်ငံ ပါဝင်ယှဉ်ပြိုင်ရာ မိမိတို့ နိုင်ငံအလိုက် အဆင့်(၅)ရရှိခဲ့ကြောင်း၊ ယှဉ်ပြိုင်ပွဲတွင် ဂျပန်နည်းပြဆရာကလိုက်ပါဆောင်ရွက်ပြီး ပြိုင်ပွဲမှအပြန်တွင် တီဗွီနှင့်ပြသပြီး တစ်ဦးချင်း အားနည်းချက်များနှင့် လိုအပ်ချက်များကို ဂျပန်နည်းပြကထပ်ဖြည့်ပေးပြီး စက်တင်ဘာ ၂ ရက်တွင် ကမ္ဘောဒီးယား နိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ပထမအကြိမ်အရှေ့တောင်အာရှအဆင့် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို အားကစားသမားခြောက်ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ခြောက်ဦးစလုံး ဆုတံဆိပ်များချိတ်နိုင်ပြီး ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိ၍ နိုင်ငံပေါင်းခုနစ်နိုင်ငံပါဝင်ယှဉ်ပြိုင်ရာ မိမိတို့ နိုင်ငံအလိုက် အဆင့်(၂)ရရှိခဲ့ကြောင်း၊ မိမိတို့ ဂျပန်နည်းပြဆရာသစ်ဖြစ်သည့် Keii Chima Suoka နှင့်လေ့ကျင့်ပြီး ပြိုင်ပွဲလိုအပ်ချက်များကိုပြုပြင်၍ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ပြီး ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်မှုရရှိရန် လိုအပ်ချက်များ ဖြည့်စွက်ပြင်ဆင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ပြောကြားခဲ့သည်။

## လေ့ကျင့်ပေး

ဂျူဒိုအဖွဲ့ချုပ်သည် ဂျပန်နည်းပြဆရာ Keii Chima Suoka နှင့် မြန်မာနည်းပြဆရာများဖြစ်သည့် ဦးသန်းမောင်၊ ဦးဇော်လွင်၊ ဦးဉာဏ်စိုး၊ ဒေါ်သီသီရှိန်၊ ဒေါ်ခင်မူမူနှင့် ဒေါ်နန်းအေးမိစံတို့က ပဏာမလက်ရွေးစင်ဂျူဒိုမောင်မယ်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

## အမျိုးသား

အမျိုးသားပဏာမလက်ရွေးစင်များမှာ အနုတ် ၅၅ ကီလိုတန်း၌ သစ်တောမှ ကပ်ကျင်းပေါင်နှင့်ဂုံဆွမ်ခွာလ်၊ ရထားမှ အောင်ထွန်းကျော်၊ အနုတ်ကီလို ၆၀ တန်းတွင် ရထားမှ စောမိုင်းစံနှင့် ဟိန်းဇော်၊ ဆောက်လုပ်ရေးမှ ရှိန်းဘိုဘိုနှင့် ကာကွယ်ရေးမှ ကျော်စိုးနိုင်၊ အနုတ် ၆၆ ကီလိုတန်းတွင် စက်မှု(၁)မှ ညီညီ၊ အား/ကာသိပ္ပံ(ရန်ကုန်)မှ ချမ်းမျိုးနိုင်၊ ကာကွယ်ရေးမှ ထက်အောင်ဇော်နှင့် သူရဇော်၊ အနုတ် ၇၃ကီလိုတန်း၌ ရထားမှ ဇော်နိုင်နှင့် ဆောက်လုပ်ရေးမှ စိုင်းဝေလင်းအောင်၊ အနုတ် ၈၁ ကီလိုတန်းတွင် သစ်တောမှရန်နိုင်စိုးနှင့် အနုတ်ကီလို၉၀ တန်းတွင် လယ်ယာ/ဆည်မြောင်းမှ ဇင်လင်းအောင်တို့ဖြစ်ကြသည်။

## အမျိုးသမီး

အမျိုးသမီးပဏာမလက်ရွေးစင်များမှာ အနုတ် ၄၂ ကီလိုတန်းတွင် သစ်တောမှ မိုးစန္ဒာထွန်း၊ အေးအေးမိုးနှင့် လယ်ယာ/ဆည်မြောင်းမှ အေးမာလာ၊ အနုတ်၄၅ကီလိုတန်းတွင် ဆောက်လုပ်ရေးမှ အေးအေးအောင်၊ အနုတ် ၅၂ကီလိုတန်းတွင် စက်မှု(၁)မှ အေးအေးသင်း၊ အနုတ် ၅၇ ကီလိုတန်းတွင် စက်မှု(၁)မှ သန္တာဝင်းနှင့် ဆောက်လုပ်ရေးမှ ရွှေဇင်ဦး၊ အနုတ် ၆၃ ကီလိုတန်းတွင် ဆောက်လုပ်ရေးမှ အေးအေးအောင်နှင့် ရထားမှ ဇင်မီမီသန်း၊ အနုတ်ကီလို၇၀တန်း၌ ရထားမှ လေးကလျာအောင်နှင့် အပေါင်း ၇၈ ကီလိုတန်းတွင် ရထားမှ ခင်မျိုးသူတို့ ဖြစ်ကြသည်။

## သင်ကြားလေ့ကျင့်

မြန်မာဂျူဒိုအဖွဲ့အောင်မြင်မှုအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် အမှုဆောင်များကြပ်မတ်၍ ဂျပန်နည်းပြနှင့် မြန်မာနည်းပြဆရာများက အနီးကပ်ကြပ်မတ်ဆောင်ရွက်ပြီး ပါဝါအားကောင်းမွန်ရန် စက်ကိရိယာများဖြင့် လေ့ကျင့်ခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**



**ပဏာမလက်ရွေးစင် ဂျူဒို မောင်မယ်များအား နည်းစနစ်ပိုင်းနှင့်ပတ်သက်၍ ဂျပန်နည်းပြဆရာက ဤသို့ လက်တွေ့သင်ပြလျက်ရှိသည်။**
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

# မီးမြင်းမိုရ်နှင့် ဝါလကင်းလွတ် သီတင်းကျွတ်

**"လှိုင်လှိုင်သာ သင်းတော့တယ်**
**ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်**
**ပွင့်ရွှေကြာ မြိုင်မြိုင်နှင့်**
**ကြိုင်ကြိုင်သင်းတဲ့လကိုလေး။**
**တူရာသီငယ်၊ အသဝနီကြယ်မြတ်**
**ကျီးမင်းသိန်လဲ၊ ရောင်ရှိန်လျှပ်လို့**
**ယုဂန်ကယ်နန်းလို မီးမြင်းမိုရ်နှင့်**
**ဝါဆိုကင်းလွတ် သီတင်းကျွတ်မို့၊**
**ဘုံထွတ်ကယ်ဥကင်၊ ပွင့်စမွယ်ရွှင်သောခါ**
**တိုင်းခွင်ကြီးအောင်ချာမှာ၊**
**ဆီမီးဝါထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး။"**

(မဟာအတုလမင်းကြီး)

မိဿ၊ ပြိဿ၊ မေထုန်ကရကင့်အစရှိသော ဆယ့်နှစ်ရာသီတွင် ကန်ရာသီကုန်ဆုံး၍ တူရာသီ သီတင်းကျွတ်လသို့ ရောက်ရှိခဲ့ပါပြီ။

ဝါကျွတ်တော့မည်ဆိုလျှင် ထူးခြားတင့်လှ ဝိသေသလက္ခဏာအဖြစ် မြစ်ချောင်းအင်းအိုင်များအတွင်း၌ ကြာပန်းတို့က တန်ဆာဆင်ကြလေတော့သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်နှင့် ကြာပဒုမ္မာတို့မှာ မွှေးရနံ့တလူလူပွင့်ကြ၍ တမူထူးခြားစွာ ဆင်ယင်တတ်သောကြောင့်လည်း သီတင်းကျွတ်လ၏ ဂုဏ်အင်္ဂါမှာ ထူးခြားလာရခြင်း ဖြစ်ပေသည်။

သီတင်းကျွတ်လသည် မြန်မာလများတွင် ခုနစ်လမြောက်ဖြစ်သည်။ ထိုလအခါသမယတွင် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးအားနည်းလာကာ မိုးဒေဝါနှင့် နေစကြာတို့ သူတစ်ပြန်ငါတစ်ပြန် အနိုင်ယူနေကြသော အချိန်ဖြစ်သည်။ သီတင်းကျွတ်လ၌ ရွာသွန်းသည့်မိုးကို "သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး"ဟူသော ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလက်ာအရ ဘုရားဆွမ်းတော်တင်သည့် သံပုတ်ပလ္လင်တော်ကို နောက်ဆုံးဆေးကြောသည့်အနေဖြင့် နှုတ်ဆက်ရွာသွန်းသောမိုးဟု ဆိုကြပေသည်။

ထိုလကို ဗေဒင်အတွေးအခေါ်အားဖြင့် တူရာသီဟုခေါ်၏။ ထိုရာသီတွင် အဿဝနီနက္ခတ်သည် စန်းဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပပါသည်။ ရာသီရုပ်မှာချိန်ခွင်ကို ကိုင်စွဲသော ယောကျ်ားရုပ်သဏ္ဍာန် ဖြစ်သည်။

ထိုလတွင် ဆီမီးမြင်းမိုရ်ပွဲ(ဝါ)တာဝတိံသာပွဲကို ရာသီပွဲအဖြစ် ပြုလုပ်ကျင်းပလေ့ရှိကြသည်။ ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာကို ဝါတွင်းသုံးလပတ်လုံးဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွလာသည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့တွင်"အဘိဓမ္မာအခါတော်နေ့"ကို ကျင်းပကြသည်။ နံနက်ဖနာရီတွင် နေထွက်၍ ညနေ ၆နာရီတွင် နေဝင်သဖြင့် နေ့တာညတာ ညီမျှသောလဖြစ်သည်။

**"ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊**
**ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊**
**ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊**
**ဝတိံသာလို့၊ လေးဖြာရောင်စို၊**
**မြင်းမိုရ်ပွဲကြီး"**

ဟူ၍ စာဆိုတော်ဦးယာက မြင်းမိုရ်ပွဲ ကျင်းပပုံကို စာမော်ကွန်းတင်ခဲ့သည်။

သီတင်းကျွတ်လတွင် ထေရ်ရဝါဒဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးရိုးစဉ်လာထုံးတမ်းမပျက် ကုသိုလ်ကောင်းမှုပြုသည့်အနေဖြင့် မီးမြင်းမိုရ်ပွဲကို ပျော်ရွှင်စွာ ဆင်နွဲလေ့ရှိပါသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ခုနစ်ဝါမြောက် ဝါဆိုလသို့ ရောက်ဆဲကာလ သာဝတ္ထိပြည်တွင် သရက်ဖြူပင်ရင်း၌ အယူလွှဲမှားနေသော တိတ္ထိတစ်သင်းတို့အားတန်ခိုးပြာဋိဟာပြကာ နှိမ်နင်းချေချွတ်တော်မူသည်။ ထို့နောက် တာဝတိံသာနတ်ပြည်ဝယ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုဿိတ နတ်သားအားအမှူးပြု၍ နက်နဲလှစွာ အဘိဓမ္မာဒေသနာတော်ကို ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်တွင် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။ ယင်းသို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ဤဝါကျွတ်ချိန်တွင် တာဝတိံသာနတ်နန်းမှသည် သင်္ကဿနဂိုရ်သို့ သိကြားမင်းလှူဒါန်းသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာအပေါင်းတို့ ခြံရံလျက် ဆင်းသက်ကြွမြန်းတော်မူလာခဲ့သည်။

အဘိဓမ္မာဒေသနာတော်သည် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်အနက် ထက်ဝက်မျှပင်ရှိ၏။ လွန်စွာများပြားရှည်လျား၏။ ဝါတွင်းသုံးလပတ်လုံး ဆက်တိုက်ဟောမှပြီးဆုံး၏။ ထိုမျှလောက်ရှည်လျားသောဒေသနာတော်ကို လူ့ပြည်တစ်နေရာတည်း ဣရိယာပုဒ်တစ်မျိုးတည်းဖြင့် ဆက်တိုက်နာကြားနိုင်သော ပုဂ္ဂိုလ်မျိုးမရှိပါ။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်၌ဟောကြားတော်မမူဘဲ နတ်ပြည်၌သာ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

အဘိဓမ္မာတရား ဒေသနာတော်သည် ကျမ်းအရေအတွက်အားဖြင့် ခုနစ်ကျမ်းရှိရာ ယင်းခုနစ်ကျမ်းကို စိတ်စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဝိဇ္ဇာမာန၊ ပညတ်ဟူသော သမ္မုတိသစ္စာနှစ်ပါးဖြင့် ဝေဖန်ရသော ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်းတို့၌ ပရမတ္ထသစ္စာကို အကျယ်အားဖြင့် ဟောကြားတော်မူ၍ ပုဂ္ဂလပညက်ကျမ်း၌ကား သမ္မုတိသစ္စာကို အကျယ်အားဖြင့် ဟောကြားတော်မူသည်။ ကထာဝတ္ထုများ၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းတို့၌မူ ပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာနှစ်ပါးလုံးကို အကျယ်အားဖြင့် ဟောတော်မူသည်။

## တက္ကသိုလ် မြမဉ္ဇူ

ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းတော့မည့်အခါ၌ မြင်းမိုရ်တောင်ထိပ်ဝယ် ရပ်တော်မူကာ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ အထက်ကောင်းကင်သို့ ကြည့်တော်မူ၏။ ထိုအခါ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်သော အရပ်တို့မှာ အဆီးအတားမရှိ ဟင်းလင်းဖြစ်၍သွား၏။ အောက်အရပ်ကို ကြည့်တော်မူပြန်သော် အဝီစိငရဲကြီးတိုင်အောင်သော အရပ်တို့မှာ အပိတ်အပင် အဆီးအတားမရှိ ဟင်းလင်းဖြစ်၍သွား၏။ ထို့နောက် တူရူအရပ်၊ တောင်အရပ်တို့ကို ကြည့်တော်မူပြန်လျှင် ပတ်ဝန်းကျင်စကြာဝဠာတိုက်ထောင်ပေါင်းများစွာတို့သည် အဆီးအတားမရှိ ဟင်းလင်း ဖြစ်ကြကုန်၏။ ထိုအခါနတ်ဗြဟ္မာတို့က လူတို့ကိုမြင်ရသကဲ့သို့ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်၏။

ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းတော်မူလေသည်။ နတ်အပေါင်းက လက်ယာဘက်ရွှေစောင်းတန်းဖြင့် လိုက်ပါသက်ဆင်းလာသကဲ့သို့ ဗြဟ္မာကြီးများကလည်း လက်ဝဲဘက်ငွေစောင်းတန်းဖြင့် သက်ဆင်းလိုက်ပါလာကြ၏။ ပဥ္စသိခ်နတ်သားကမူ ဝုသပမာဏရှိသော ဗေဠုဝစောင်းကြီးကို လက်သံကုန်တီး၍ ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာ၏။ မာတလိနတ်သားကလည်း နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာ၏။ သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကို ခပ်လျက်လည်းကောင်း၊ သန္တုဿိကနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို တလွဲလွဲခပ်လျက်လည်းကောင်း၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်လည်းကောင်း၊ လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြလေသည်။ ထိုနည်းတူကြွင်းသော စကြာဝဠာတိုက်တို့၌နေကြသော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကိုပြုကြလျက် သက်ဆင်းလိုက်ပါလာကြလေသည်။ လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟံပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည်၌ရှိသော ပရိသတ်အပေါင်းတို့သည်လည်း သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ နံနက်စာစားကြပြီးလျှင်"ယနေ့မြတ်စွာဘုရားကို သင်္ကဿမြို့တံခါး၌ ဖူးမြော်ကြရကုန်တော့အံ့"ဟု ထွက်လာခဲ့ကြရာ အချိန်အနည်းငယ်အတွင်းမှာပင် မပင်မပန်းဘဲ သင်္ကဿမြို့တံခါးသို့ ဆိုက်ရောက်နေကြပြီဖြစ်လေသည်။

ဤသို့မြတ်စွာဘုရားသည်နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာ မထေရ်သည် ရှေးဦးစွာ ရှိခိုးပူဇော်လေသည်။ ထို့နောက်မှ ကျန်သော ပရိသတ်တို့သည် မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။ ထိုသင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးဆုံးလက်ယာခြေတော်ချရာ အရပ်သည် နောင်သောအခါဝယ် အစလစေတိယဋ္ဌာနဟူ၍ အမည်ထင်ရှားလေသည်။

ဤသို့ရှင်သာရိပုတ္တရာအမှူးရှိသော လူနတ်ဗြဟ္မာ သတ္တဝါမျိုးစုံပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြပူဇော်ပွဲကြီးကို ဆင်ယင်ပြုလုပ်ခဲ့ကြခြင်းမှာ ဘုရားရှင် ခုနစ်ဝါမြောက်တွင်ဖြစ်၍ ယခု မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်တွင် နှစ်ပေါင်း ၂၅၈၈ နှစ်ကြာခဲ့ပြီဖြစ်လေသည်။

ဖိုးသူတော်ဦးမင်းက–

**"ကြာငါးမည် ကြိုင်သင်းလို့၊**
**လျှံဝင်းတဲ့ပြောင်ထိန်။**
**ရွှေနန်းတောင်တော်ဦးမှာ**
**ကွန့်မြူးမြင်းမိုရ်မီး၊**
**ညီးတဲ့ခါချိန်၊**
**ရှိဦးငယ်နှိမ်၊**
**သုံးကြိမ်ရိုပျောင်း။**
**သက္ကစ္စာ ဂါရဝါနှင့်၊**
**စဉ်အလာပူဇော်ပွဲကို၊**
**နွှဲကြပေတောင်း"**

ဟူ၍ သီတင်းကျွတ်လကို ဖွဲ့ဆိုထားသည်။

သီတင်းကျွတ်လရာသီတွင် မိုးမကုန်သေးသော်လည်း နေရောင်ခြည် ဖြာစပြုလာပြီဖြစ်၍ သာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင် ဖြစ်သည်။ ယင်းအချိန်တွင် "ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့" ဆိုသည်နှင့်အညီ ဗုဒ္ဓဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြသည်ဖြစ်၍ အရပ်တစ်ပါးသို့ ညဥ့်အိပ်ညဥ့်နေ လွတ်လပ်စွာ ဒေသစာရီကြွချီတော်မူနိုင်ကြပေပြီ။ တောင်သူလယ်သမားကြီးတို့၏အဖို့ကား စပါးနှံတို့သည် မိုးယံသို့ တူရူထိုးတက်ချိန် ဖြစ်သောကြောင့် မြကမ္ဗလာအရောင်အဆင်းရှိသော စပါးခင်းတို့ကိုကြည့်ကာ ပီတိဖြာနေသောအချိန် ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်တို့ ပဝါရဏာပွဲပြုလုပ်ကျင်းပကြသည်။ ရဟန်းတော်များသည် မြတ်စွာဘုရား၏ ပညတ်တော်အရ လပြည့်လကွယ်နေ့တိုင်း စတုဒ္ဒသီ ဥပုသ်၊ ပန္နက်ရာသီဥပုသ်များကို ပြုတော်မူကြ၏။ ယခုသီတင်းကျွတ်လပြည့်နေ့တွင်မူ ဝိနည်းဒေသနာတော်အရ ဥပုသ်အစား ပဝါရဏာပြုတော်မူကြရသည်။

**ပဝါရဏာဟူသော ပါဠိ၏ အဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ အကျဉ်းချုပ်မှာ ရဟန်းတော်အချင်းချင်း အပြန်အလှန် တိုက်တွန်းတောင်းပန်သည့်ပွဲ၊ အပြန်အလှန်ဖိတ်ကြားသည့်ပွဲ ဖြစ်လေသည်။**

**"ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်တို့၏ အပြစ်ကိုမြင်သော်လည်းကောင်း၊ ကြားသော် လည်းကောင်း၊ သံသယရှိသော်လည်းကောင်း၊ တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုကုစားပါမည်"**ဟူ၍ ပဝါရဏာပြုကြပါသည်။

သီတင်းကျွတ်လသည် မိုးရာသီကုန်ဆုံးသည့် လလည်းဖြစ်သည်။ မိုးလေကင်းလွတ်၍ ရာသီဥတုကောင်းမွန်သာယာသည့် အချိန်အခါဖြစ်သည်။ ထိုအချိန်တွင် ဘိုးဘွားမိဘ၊ ဆရာသမားများအား တပည့်သားမြေးဖြစ်သူများက လှူဖွယ်ပစ္စည်းများနှင့် သွားရောက်ကန်တော့ကြသည်။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်တို့အကြား ချစ်ခင်မြတ်နိုးမှု၊ ရိုသေလေးစားမှုများ တိုးပွား၍ ကြည်နူးချမ်းမြေ့စရာအချိန်အခါဖြစ်သည်။

"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းပါစေ၊ သည်မိသည်ဖ၊ သည်လင်သည်မယား၊ သည်သား သည်သမီးတို့နှင့် အိုအောင်မင်းအောင် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းရပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေးဝေးပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ" အစရှိသည့် အကြင်နာတရား ပြည့်ဝသောဆုပေးသံများ "ပေးတဲ့ဆုနဲ့ပြည့်ရပါစေသား"ဟု လိုလားနှစ်သက်စွာ ခံယူသော၊ ပဲ့တင်ထပ်နေသော မြန်မာတို့၏ မင်္ဂလာအချိန်အခါ ဖြစ်ပါသည်။

မြန်မာလရာသီပွဲသဘင်များတွင် သီတင်းကျွတ်ပွဲတော်ရက်သည် ခြေခင်းလက်ခင်းသာချိန်ဖြစ်၍ လူတိုင်း စိတ်လက်ကြည်နူးကြသည်။ မိသားစု မိတ်ဆွေသင်္ဂဟစုံစုံညီညီ ပွဲတော်ရက်အတွင်း အလည်အပတ်သွားလာကြသည်။

ကုသိုလ်ကောင်းမှုပြုခွင့်ရပြီးနောက် စိတ်လက်ကြည်နူးစွာ သွားလာလည်ပတ်ခွင့်ရသော ဤပွဲတော်ရက်သည် နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပါသည်။

မြန်မာနိုင်ငံတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဂံခေတ်မှစတင်၍ ခေတ်အဆက်ဆက် ကျင်းပပြုလုပ်လာခဲ့ကြပါသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ကောင်းမှုစာရင်းများ၌ ကထိန်အလှူ၊ ပံ့သကူအလှူ၊ မီးပုံးအလှူနှင့် ညောင်ရေသွန်းအလှူစသည်တို့ကို တွေ့ရသကဲ့သို့ သီတင်းကျွတ် မီးပူဇော်မှုကိုလည်း ထိုခေတ်ကရေးဆွဲခဲ့သည့် ပန်းချီကားများကို ထောက်ရှု၍ ပုဂံခေတ်တွင် မီးထွန်းပွဲတော်ကို ပုဂံသားတို့ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။ ထိုပန်းချီကားကို မြင်းကပါဂူပြောက်ကြီးဘုရားတွင် တွေ့ရသည်။ ထိုပန်းချီကားသည် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာ သရုပ်ဖော်ဆွဲသားထားသော ပန်းချီကားဖြစ်သည်။ သရုပ်ပေါ်လွင်လှသဖြင့် အလွန်နှစ်သက် ကြည်ညိုဖွယ်ရာလည်း ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညနေပိုင်းတွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

**ပို့ဆောင်**

အဆိုပါ ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

**(သတင်းစဉ်)**



အမျိုးသားညီလာခံသို့ တက်ရောက်ရန် ချင်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

# အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချခုတုံးလုပ် နိုင်ငံတော်၏ အဘက်ဘက်မှ တိုးတက်ကောင်းမွန်လာမှုနှင့် ဒီမိုကရေစီဖော်ဆောင်နေမှုတို့ကို ပျက်စီးစေရန်လုပ်ဆောင်

## မြန်မာနိုင်ငံ၏ ပြည်တွင်းရေးစွက်ဖက်မှုကို ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က ဆန့်ကျင်ရှုတ်ချ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်**

**ရက်စွဲ ၂၃-၉-၂၀၀၆။**

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

၂။ အမေရိကန်သည် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်ဟု မတရားစွပ်စွဲကာ တစ်ဖက်သတ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မြန်မာ့ပြည်တွင်းရေးကိစ္စသည် ပြည်တွင်း၌သာ ဖြေရှင်းဆောင်ရွက်နိုင်သော ကိစ္စရပ်ဖြစ်ပြီး မည်သည့်ပြည်ပနိုင်ငံကိုမျှ ထိခိုက်နိုင်မှုမရှိသည့်အပြင် မြန်မာပြည်သူများ လက်တွေ့သိမြင်ခံစားနေရသော ဖွံ့ဖြိုးတိုးတက်မှုအပေါ် လျစ်လျူရှုထားခြင်းဖြစ်ပါသည်။

၃။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချခုတုံးလုပ်ပြီး-

(က) လမ်းစဉ်(၇)ရပ်အရ နိုင်ငံတော်၏ လူထုလူတန်းစား၊ လူ့အလွှာအသီးသီးကို အခြေခံလျက် ကျင်းပနေသည့် အမျိုးသားညီလာခံအပေါ် ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်၍ လုပ်ဆောင်မှုဖြစ်သည်။

(ခ) နိုင်ငံတော်တွင်းရရှိနေပြီဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ တိုးတက်ကောင်းမွန်လာမှုနှင့် ဒီမိုကရေစီဖော်ဆောင်နေမှုတို့ကို ပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုပင် ဖြစ်ပေသည်။

၄။ သို့ဖြစ်၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချခုတုံးလုပ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား မိမိတို့ အဖွဲ့အစည်းအနေဖြင့် လက်ခံနိုင်မည်မဟုတ်ရုံသာမက ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**စောထွန်းဦး**
**ဥက္ကဋ္ဌ**
**ရခိုင်ငြိမ်းချမ်းရေးအဖွဲ့**
**ရခိုင်ပြည်နယ်**

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

ပြည်တွင်းနိုင်ငံရေး ပြဿနာများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံက အရပ်သားအစိုးရ ပေါ်ပေါက်စေရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို လွန်ခဲ့သောနှစ်များကပင် ချမှတ်ခဲ့ပြီးဖြစ်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့က အသိအမှတ်ပြုကြသော်လည်း အောင်ဆန်းစုကြည်နှင့် ဆက်နွှယ်နေသော အမေရိကန်က ထိုရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို လုံးဝပယ်ချခဲ့။ မြန်မာဘက်မှကြည့်လျှင် အောင်ဆန်းစုကြည်သည် ခြိမ်းခြောက်မှုတစ်ရပ် မဟုတ်ပေ။ မြန်မာနိုင်ငံကို နယ်ချဲ့အာဏာစက်အောက် ပြန်လည်သွတ်သွင်းနိုင်ရန် အောင်ဆန်းစုကြည်အား ရုပ်သေးရုပ်အဖြစ် အသုံးချလိုသော၊ အောင်ဆန်းစုကြည်ကို ချုပ်ကိုင်နေကြသော အင်္ဂလိပ်-အမေရိကန်ဆရာကြီးများကသာ မြန်မာနိုင်ငံအတွက် ခြိမ်းခြောက်မှုဖြစ်။

ဘာသာပြန် ဆောင်းပါး (စာ-၃)တွင် ဖတ်ရှုနိုင်ပါသည်။